ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 18 July 2024 ၁၁၅၂၂

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်
ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေသကဲ့သို့ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန်များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၁၇**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

**မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲပြုလုပ်**

စာမျက်နှာ » ၄

**အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ် ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ**

စာမျက်နှာ » ၈

**စိုက်ပျိုးမွေးမြူရေးကို အလေးထား နိုင်ငံ့ GDP တိုးပွား**

ဆောင်းပါး စာမျက်နှာ » ၆

**(၇၇)နှစ်မြောက် အာဇာနည်နေ့**

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# နိုင်ငံသူ နိုင်ငံသားများအား စာနာထောက်ထားဖေးမကူညီ

နိုင်ငံတော်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားများအား မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုး၊ မည်သူမဆို နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ ရရှိခံစားခွင့်များကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံသားများ ဘေးအန္တရာယ် အမျိုးမျိုးကြောင့် ဒုက္ခအခက်အခဲများ ကြုံတွေ့ရပါကလည်း ရင်ဝယ်သားကဲ့သို့ စာနာထောက်ထား ဖေးမကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ တာဝန်များကို စတင်တာဝန်ယူ ထမ်းဆောင်သည့်အချိန်မှစ၍ ပြည်တွင်းရှိ နိုင်ငံသားများသာမက ပြည်ပနိုင်ငံများတွင် ဒုက္ခအခက်အခဲကြုံတွေ့နေရသည့် နိုင်ငံသူ နိုင်ငံသားများကိုလည်း ရင်ဝယ်သားကဲ့သို့ မေတ္တာထားပြီး ဖေးမကူညီကယ်တင်ပေးခဲ့သည်။ ယခုအခါ ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများ များပြားလာပြီး အလုပ်အကိုင်အဆင်ပြေကြသူများရှိသလို ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့နေရသော နိုင်ငံသားများလည်းရှိနေသည်ဟု ကြားသိနေရသည်။

ပြည်ပတွင်အလုပ်လုပ်ကိုင်ကြသော နိုင်ငံသားများသည် များသောအားဖြင့် အရှေ့ဘက်နိုင်ငံများတွင် အလုပ်လုပ်ကိုင်ကြပြီး အချို့မှာ အနောက်နိုင်ငံများတွင် လုပ်ကိုင်ကြသည်။ ထို့အပြင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သော နိုင်ငံသားများလည်းရှိနေသည်ကို တွေ့ရသည်။ မကြာသေးမီက အာရပ်စော်ဘွားနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသား အထူးသဖြင့် နိုင်ငံသူများအနေဖြင့် အများစုမှာ ဒုက္ခအခက်အခဲများ ကြုံတွေ့နေရသည်ဟု ကြားသိရသဖြင့် နိုင်ငံတော်အစိုးရက အဆိုပါအမျိုးသမီးငယ်များအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ကူညီပေးခဲ့သည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား အမိမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အာရပ်စော်ဘွားများနိုင်ငံများတွင် မြန်မာနိုင်ငံသားများ အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုများဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးခြင်းမရှိသည့်အပြင် ဒူဘိုင်းမြို့ရှိ အေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ အလုပ်ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်သို့ လက်ပြောင်းလက်လွှဲ ရောင်းလွှဲခြင်းများနှင့် ကြုံတွေ့လျက်ရှိသည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကလည်း အရှေ့အလယ်ပိုင်းနိုင်ငံများတွင် နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အာရပ်စော်ဘွားများနိုင်ငံများတွင် အိမ်အကူအလုပ်လုပ်ကိုင်ရန်အတွက် တရားမဝင်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများကလိမ်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သည့် အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း အသိပေးထားသည်။

မြန်မာနိုင်ငံနှင့်ယဉ်ကျေးမှုမတူ၊ မနီးစပ်သည့် ရေခြားမြေခြားဝေးလံသည့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက မျက်နှာငယ် အကာအကွယ်ကင်းမဲ့နိုင်သည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် ဒေသများတွင် ရောက်ရှိအလုပ်လုပ်ကိုင်ပါက ဒုက္ခအခက်အခဲများကြုံတွေ့လျှင် အကူအညီရရှိရန် အခက်အခဲများ ရှိနိုင်သည်။ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့်သူများအနေဖြင့် မိမိတို့သွားရောက်ကြမည့်နိုင်ငံနှင့် ဒေသအခြေအနေများကို ကြိုတင်လေ့လာပြီးမှ သွားရောက်လုပ်ကိုင်ရန် သင့်၊ မသင့် စဉ်းစားဆုံးဖြတ်ကြရန် လိုအပ်သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း အန္တရာယ်ရှိသောဒေသများနှင့် အဆင်မပြေသောနိုင်ငံများကို အကြံပြုအသိပေးပြောကြားလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံ့တာဝန်ယူထားစဉ်ကာလအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများ ဒုက္ခအခက်အခဲများ ကြုံတွေ့ရပါက နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံသံရုံးများက ကူညီဆောင်ရွက်ပေးမှုများဖြင့် အမိမြန်မာနိုင်ငံတော်သို့ အကြိမ်ကြိမ်ပြန်လည်ခေါ်ယူကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ ပြည်ပနိုင်ငံအချို့တွင် မြန်မာနိုင်ငံသားများ အတိဒုက္ခများနှင့် ကြုံတွေ့နေစဉ် ဆောလျင်စွာကူညီကယ်တင်ပေးမှုအတွက် ဒုက္ခကြုံတွေ့ခဲ့သော နိုင်ငံသူ နိုင်ငံသားများနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့ကို ကျေးဇူးအထူးတင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည့် နိုင်ငံသားများအနက် ဒုက္ခအခက်အခဲကြုံတွေ့ကြရသည့် နိုင်ငံသားများကို ရင်ဝယ်သားကဲ့သို့ အလေးအနက်တန်ဖိုးထားပြီး မည်သို့သောအခြေအနေများနှင့်ကြုံတွေ့ရသော်လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးများနှင့် ချိတ်ဆက်ပြီး အမိမြန်မာနိုင်ငံတော်သို့ လုံခြုံစိတ်ချအေးချမ်းစွာဖြင့် အမြန်ဆုံးပြန်လည်ရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ။

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

## အလုံအထက(၇)၌ လူငယ်အသိပညာပေးနှင့်အားကစားအကြောင်းသိကောင်းစရာဟောပြော

ရန်ကုန် ဇူလိုင် ၁၇

ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံစေရေးအတွက် အသိပညာပေး ဟောပြောပွဲ၊ သရုပ်ပြပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီခွဲက အလုံမြို့နယ် အထက(၇)၌ ပြုလုပ်သည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ အလုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်တင်တင်ချိုက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်၍ မြန်မာ့လက်ရွေးစင်ဟောင်းများ ဖြစ်ကြသည့် ဒေါ်နွဲ့နွဲ့အေး(ပြေးခုန်ပစ်)၊ ဒေါ်အေးအေးမော်(ဘောလုံး)၊ ဒေါ်ကြည်ကြည်ဝေ(ဂျူဒို)တို့က အားကစားအကြောင်း သိကောင်းစရာများကို သရုပ်ပြဟောပြောခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးဒေါ်သိဂီထံ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

**ဘော်ဂါသွေး**

## မြိတ်မြို့၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

မြိတ် ဇူလိုင် ၁၇

သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု ချမ်းအေးကျောင်းတိုက်၌ ဇူလိုင် ၁၅ ရက်က မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသောင်းအေးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းနှင့်စပ်လျဉ်းသည်များ၊ သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ သင်တန်းသုံး သင်ထောက်ကူပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်က သင်တန်းတာဝန်ခံအား ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သစ်သီးယိုအမျိုးမျိုးပြုလုပ်နည်း၊ သစ်သီးဖျော်ရည်အမျိုးမျိုးပြုလုပ်နည်း၊ သစ်သီးဝိုင်ပြုလုပ်နည်း၊ သစ်သီးဂျယ်လီပြုလုပ်နည်းနှင့် မုန့်ပဲသရေစာအမျိုးမျိုး ပြုလုပ်နည်းစသည့် ဘာသာရပ်များကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## သန်လျင်၌ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်က အဆိုပါစေတီတော်မြတ် ကြာကန်ဗိမာန်တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးကြည်က ပညာရည်ချွန်ဆုချီးမြှင့်ရခြင်းနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ရခြင်းတို့အား ရှင်းလင်းပြောကြားပြီး၂၀၂၃- ၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုရ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းရိုးရိုးအောင်မြင်သူ တစ်ဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်ငွေနှင့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူ ၄၆ ဦးအတွက် ဗလာစာအုပ် ၄၆ ဒါဇင်၊ လွယ်အိတ် ၄၆ လုံး၊ ဘောပင်တစ်ဘူးစီတို့အား စေတီတော်မြတ် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးကြည်နှင့် အလှူရှင်များက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၀၀၀ | ၉၆၃ | ၈,၄၅၇,၁၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၃,၃၀၆ | ၁၁,၂၄၂,၉၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂,၀၀၀ | ၁၆,၂၀၀,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၃၂၀ | ၅၂၉,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၉၂၂ | ၁,၅၃၇,၀၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |
| MAEX | ၃,၆၅၀ | ၃,၆၅၀ | ၄,၀၆၆ | ၁၄,၈၅၁,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



✪ ရှေ့ဖုံးမှ

ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီး ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနေ်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က နိုင်ငံတော်

စာမျက်နှာ ၄ သို့ ✪



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၃ မှ

သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သန်လျင် မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာ-ရုရှား စစ်ဘက်ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံဖလှယ်ခြင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ ကျင်းပရာ မြန်မာ့တပ်မတော်မှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်နှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော်ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ Major General Denis Vladimirovich DAVYDOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။




ဦးစွာ နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားများ ပြောကြားကြပြီး စစ်ဘက်ကျန်းမာရေး စောင့်ရှောက်မှုအတွေ့အကြုံများ အပြန်အလှန် သုံးသပ်ဆွေးနွေးခြင်း၊ ဆေးဘက်ဆိုင်ရာ သုတေသန ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ရောဂါကာကွယ်ဆေးများ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ ဆေးပညာရပ်ဆိုင်ရာ အဆင့်မြင့်သင်တန်းများ စေလွှတ် တက်ရောက်နိုင်ရေးကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် လေ့ကျင့်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံဆေးတပ်ဖွဲ့များအကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးကြသည်။ ယင်းနောက် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး သမိုင်းမှတ်တမ်း Video Clip ကို ကြည့်ရှုကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ရုရှားတပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့သည် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) ထိခိုက်ဒဏ်ရာနှင့် အရိုးရောဂါကုသမှုဌာနသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)၌ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးအား ဂါရဝပြုတွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စစ်ဘက်ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပင်မတပ်မတော် ဆေးဘက်ဆိုင်ရာညွှန်ကြားမှု ဦးစီးဌာနမှ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်နှင့် မြန်မာ့ ကျောက်မျက်ရတနာပြတိုက်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝဏ္ဏကံတော်တွင် တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်လေ့လာဖူးမြော် ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေါပုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲများကျင်းပ

**ဒေါပုံ ဇူလိုင် ၁၇**

ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲတို့ကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။



ဦးစွာ ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်သီဂီထွန်းက (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများ ခင်းကျင်းပြသရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် စွန့်လွှတ်အနစ်နာခံခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ထူးမြတ်သည့် ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့ရပုံများကို ဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက အာဇာနည်နေ့အကြောင်း သိကောင်းစရာများ အကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် အာဇာနည်နေ့နှင့် ပတ်သက်သည့် နံရံကပ်စာစောင်များနှင့် စာအုပ်များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

# မြန်အောင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မြန်အောင် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းက အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

**ပြုလုပ်ပေး**

ပန်းခင်းစီမံချက်(၃)ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြန်အောင်ခရိုင်ဦးစီးမှူး ဦးတင်မြိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်ရုံးဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအုပ်စုနေပြည်သူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ကိုလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig ဦးဆောင်သော အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီက အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNFPA တို့အကြား လုပ်ငန်းအစီအစဉ် (Workplan) ရေးထိုးဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာမှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNFPA ရုံးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညို လမ်းဘေး၌ တည်ဆောက်မည့် သုခတော်ဝင်အိမ်ရာစီမံကိန်း အပိုင်း(၂) ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်၍ သတ်မှတ်နေရာ အသီးသီးတွင် ရတနာပန္နက်တော်ကို ကိုးချက်စိုက်ထူကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

အဆိုပါ သုခတော်ဝင်အိမ်ရာ စီမံကိန်းအပိုင်း(၂) တည်ဆောက်ရာတွင် စတုရန်းပေ ၇၃၂ ပေအကျယ် ရှိသော အိပ်ခန်းနှစ်ခန်းပါ ငါးထပ်အဆောက်အအုံနှင့် စတုရန်းပေ ၁၀၉၂ ပေ အကျယ်ရှိသော အိပ်ခန်း သုံးခန်းပါ ငါးထပ်အဆောက်အအုံများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ဒေသခံ တောင်သူများနှင့် တွေ့ဆုံပြီး သီးထပ်စွမ်းအားများ တိုးတက်လာစေရေး၊ သဘာဝမြေဩဇာများ ပြုလုပ်ပြီး လက်တွေ့ကျကျ အကျိုးရှိစွာသုံးစွဲရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ တောင်သူများကို သဘာဝမြေဩဇာများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် အဖွဲ့သည် တောင်သူများနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာနမှ EM ဘိုကာရှီ သဘာဝ မြေဩဇာ ပြုလုပ်မှုသရုပ်ပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လွိုင်လင်မြို့၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



လွိုင်လင် ဇူလိုင် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာလုပ်ငန်းများနှင့် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက သဘာဝဘေးဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများအား မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများစုပေါင်းပြီး ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြသကြရာ ဌာနဆိုင်ရာအကြီးအကဲများက ကြည့်ရှုအားပေးကြသည်။

အဆိုပါမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက် လေ့ကျင့်မှုတွင် မီးသတ်တပ်ဖွဲ့ဝင် ၇၀၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီး ဌာနမှ ဝန်ထမ်းငါးဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး၊ အဖြူရောင်လူငယ် ပရဟိတအဖွဲ့မှ ငါးဦး ၊ ကျောင်းသား ကျောင်းသူ ၁၀၀ စုစုပေါင်း ၁၉၀ တို့က ပူးပေါင်းဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **လွိုင်လင်မိုး**

## ငဝန်မြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင်ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့် (၄၃ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# စိုက်ပျိုးမွေးမြူရေးကို အလေးထား နိုင်ငံ့ GDP တိုးပွား

အေးကျော်(ရှုပဗေဒ)

နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရာမှာ GDP နဲ့တိုင်းတာကြပါတယ်။ GDP ဆိုတာ Gross Domestic Product – GDPဖြစ်ပြီး အဓိပ္ပာယ်က စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးဖြစ်ပါတယ်။ လူတိုင်းနားလည်လွယ်အောင်ပြောရမယ်ဆိုရင်တော့ နိုင်ငံတစ်ခုက ထုတ်လုပ်လိုက်တဲ့ကုန်ပစ္စည်းတွေနဲ့ ဝန်ဆောင်မှုတွေရဲ့ ငွေကြေးတန်ဖိုးပဲဖြစ်ပါတယ်။ ဒါကို နှစ်အလိုက် သူတို့သတ်မှတ်ထားတဲ့ ကာလအပိုင်းအခြားတစ်ခုမှာ တိုင်းတာလေ့ရှိပါတယ်။




**ကဏ္ဍကြီး သုံးမျိုး**

အဲဒီလိုတိုင်းတာတဲ့အခါမှာ လယ်ယာကဏ္ဍကြီး (Agriculture Sector)၊ စက်မှုကဏ္ဍကြီး ( Industry Sector) နဲ့ ဝန်ဆောင်မှုကဏ္ဍကြီး (Services and Trade Sector) စတဲ့ကဏ္ဍကြီး သုံးမျိုးနဲ့ တန်ဖိုးတွေကို စုဆောင်းတွက်ချက်တာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကြီးတွေမှာတော့ လယ်ယာ၊ သားငါးနဲ့ သစ်တောကဏ္ဍတို့ပါဝင်ပါတယ်။ စက်မှုကဏ္ဍကြီးမှာတော့ စွမ်းအင်၊ သတ္တုနဲ့ တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍတို့ပါဝင်ပြီး ဝန်ဆောင်မှုကဏ္ဍမှာတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနဲ့ စီမံခန့်ခွဲရေး၊ အခြားဝန်ဆောင်မှုနဲ့ ကုန်သွယ်မှုဆိုတဲ့ ကဏ္ဍတို့ပါဝင်ကြောင်း ပြည်သူတွေ သိရှိနိုင်စေဖို့ ဗဟုသုတအနေနဲ့လည်း မျှဝေပေးချင်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်ခြင်း သို့မဟုတ် ဆုတ်ယုတ်ခြင်းဟာ စားသုံးသူ၊ ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအသုံးစရိတ်နဲ့ ပို့ကုန်သွင်းကုန်စတဲ့ အကြောင်းအရာတွေပေါ်မှာ မူတည်ပါတယ်။ အထူးသဖြင့် ပို့ကုန်သွင်းကုန် (Exports and Imports) တို့ဟာ အဓိကပဲဖြစ်ပါတယ်။ နိုင်ငံခြားသို့ တင်ပို့မှုတွေဟာ နိုင်ငံရဲ့ဝင်ငွေကို တိုးစေပြီး သွင်းကုန်တွေကတော့ နိုင်ငံရဲ့လိုအပ်ချက်တွေကို ပြည်ပမှတင်သွင်းခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာက နိုင်ငံရဲ့ လိုအပ်ချက်တွေဖြစ်တဲ့ သွင်းကုန်တွေကို နိုင်ငံတွင်းမှာပဲ ထုတ်လုပ်နိုင်တယ်ဆိုရင် ပြည်ပကတင်သွင်းရတဲ့ သွင်းကုန်တွေ လျော့ကျလာမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံကထုတ်ကုန်တွေ ပြည်ပသို့ များများတင်ပို့နိုင်တဲ့အခါ နိုင်ငံအတွင်းသို့ ငွေကြေးစီးဝင်မှု များလာမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ပို့ကုန်များပြီး သွင်းကုန်နည်းမယ်ဆိုရင် နိုင်ငံရဲ့ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့သဘောပဲဖြစ်ပါတယ်။

ဝင်ငွေများပြီး ထွက်ငွေနည်းတဲ့အခါ နိုင်ငံတစ်ခုရဲ့ GDP ဟာ တိုးတက်လာပါတယ်။ ဝင်ငွေနည်းပြီး ထွက်ငွေများလာရင်တော့ နိုင်ငံတစ်ခုရဲ့ GDP ဟာ လျော့နည်းလာမှာဖြစ်ပါတယ်။ ဒါဟာ GDP တိုးတက်တာ၊လျော့နည်းတာကို ဘယ်လိုသိရှိနိုင်မလဲဆိုတာကို လူတိုင်းသိနိုင်အောင် နားလည်အလွယ်ဆုံးနည်းနဲ့ ပြောပြပေးတာဖြစ်ပါတယ်။

နိုင်ငံတစ်ခုရဲ့ GDP တိုးတက်လာတဲ့အခါ အဲဒီနိုင်ငံရဲ့ စီးပွားရေးအားကောင်းမွန်လာပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ပွင့်လန်းလာပါတယ်။ အလုပ်လက်မဲ့အရေအတွက်ကို လျှော့ချပေးနိုင်တဲ့အတွက် ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေလည်း တိုးလာမှာဖြစ်ပါတယ်။ ဝင်ငွေတိုးလာတဲ့အခါ ပညာရေး၊ ကျန်းမာရေးစတဲ့ လူနေမှုအဆင့်အတန်းတွေကလည်း မြင့်တက်လာတယ်။ စီးပွားရေးကောင်းတဲ့နိုင်ငံတစ်ခုမှာ ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းတွေလည်း ဝင်ရောက်လာနိုင်တယ်။ နိုင်ငံတကာအလယ်မှာ စီးပွားရေးအားကောင်းမွန်တဲ့ နိုင်ငံအဖြစ် မျက်နှာပန်းပွင့်လာတဲ့အခါ စီးပွားရေးနဲ့အတူ ကာကွယ်ရေးအားနဲ့ နိုင်ငံရေးအားကိုပါ တိုးတက်ကောင်းမွန်အောင် ယှဉ်တွဲတည်ဆောက်နိုင်မယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာလည်း ပိုမိုအဆင်ပြေလာပြီး နိုင်ငံရဲ့အရေးပါ အရာရောက်မှုဟာ ကမ္ဘာ့အလယ်မှာ နေရာတစ်နေရာရလာနိုင်တယ်။ ခြုံပြောရရင် GDP ကောင်းတဲ့နိုင်ငံတစ်ခုဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေး အစစအရာရာမှာ သာလွန်ကောင်းမွန်လာမှာဖြစ်ပါတယ်။

**စက်သုံးဆီသုံးစွဲမှု**

ဥပမာ မြန်မာနိုင်ငံမှာဆိုရင်လည်း စက်သုံးဆီ၊ စားသုံးဆီနဲ့ ပတ်သက်ပြီး လိုအပ်ချက်တွေရှိနေတာကြောင့် နှစ်စဉ်ပြည်ပကနေ တင်သွင်းနေရတာတွေရှိပါတယ် ။ စက်သုံးဆီသုံးစွဲမှုမှာ ကိုယ်ပိုင်ယာဉ်တွေကို မလိုအပ်ဘဲ မသုံးစွဲဘူး ။ ခရီးသည်တင်ယာဉ်တွေကိုသာ အသုံးပြုမယ်ဆိုရင် စက်သုံးဆီလိုအပ်မှုကို လျှော့ချနိုင်မယ်၊ လေထုညစ်ညမ်းမှုကိုလည်း လျှော့ချနိုင်မယ်၊ နိုင်ငံအတွင်း ယာဉ်ကြောပိတ်ဆို့မှုတွေကလည်း ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက လိုအပ်တဲ့ စက်သုံးဆီကို အစားထိုးစက်သုံးဆီတွေနဲ့ ဖြည့်ဆည်းနိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ အိန္ဒိယနိုင်ငံမှာဆိုရင် ကြက်ဆူပင်ကထွက်တဲ့ ဘိုင်အိုဒီဇယ်ကို သူ့နိုင်ငံမှာ ၅ ရာခိုင်နှုန်း ရောစပ်သုံးစွဲဖို့ မူဝါဒချမှတ်ထားခြင်းနဲ့ နိုင်ငံခြားမှ စက်သုံးဆီတင်သွင်းနိုင်မှုကို တစ်ဖက်တစ်လမ်းက လျှော့ချထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမှာလည်း အရင်က ကြက်ဆူပင်ကနေ ဘိုင်အိုဒီဇယ်ကို ထုတ်လုပ်ဖို့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှု မရှိခဲ့ပါဘူး။ ဒီလိုပဲ စားသုံးဆီအနေနဲ့ ပြည်တွင်းမှာ ဆီထွက်သီးနှံတွေကို ပန်းတိုင်အထွက်နှုန်း ပြည့်ဝအောင် ထုတ်လုပ်နိုင်မယ်ဆိုရင် ပြည်တွင်းစားသုံးဆီ ဖူလုံမှုကိုဖြစ်စေပြီး ပြည်ပကတင်သွင်းနေရမှုတွေကို လျှော့ချနိုင်မှာဖြစ်ပါတယ်။



ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံရဲ့စီးပွားရေး အခြေအနေအကြောင်းကိုလည်း သိရှိထားဖို့ လိုအပ်တဲ့အတွက်ကြောင့် စာရေးသူတို့နိုင်ငံရဲ့ GDP ဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာဆိုရင် အဆင့်ဘယ်လောက်နဲ့ ရပ်တည်နေတယ်ဆိုတာကို ပြည်သူတွေ သိအောင် မျှဝေပေးသွားပါမယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ထုတ်ပြန်ချက်တွေအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံရဲ့ GDP ဟာ ၃ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ရဲ့ GDP ဟာ ခန့်မှန်း ၃ ဒသမ ၅ ရာခိုင်နှုန်းရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံဟာ ပထမနေရာမှာ ရပ်တည်နေပြီး မြန်မာနိုင်ငံကတော့ သတ္တမနေရာနဲ့ လာအိုနိုင်ငံကတော့ ဒသမနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**စိုက်ပျိုးမွေးမြူရေးကို အခြေခံ**

စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို အောင်မြင်အောင်ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းတွေကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားရေရိက္ခာလုံခြုံရေး Food Security ကိုများစွာ အထောက်အကူပြုနိုင်တဲ့နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းတွေ အသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးကနေ တစ်နိုင်ငံလုံး စီးပွားရေးအထိ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရပါမယ်။ ဒါ့အပြင် စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အပြင် အဲဒီလို အဓိကထားနိုင်လောက်အောင်လည်း ရေခံမြေခံကောင်း များစွာကို ပိုင်ဆိုင်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးကို အခြေခံပြီး နိုင်ငံ GDP တိုးတက်ဖို့အတွက် ဦးတည်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အဓိကအားဖြင့် ဆန်၊ စပါးကို အဓိကထားစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် ဆန်စပါးကို အထွက်နှုန်းတိုးအောင် စိုက်ပျိုးနိုင်ဖို့လည်း လိုအပ်ပါတယ်။ ခေတ်အဆက်ဆက်အစိုးရတို့ဟာ စပါးအထွက်နှုန်းတိုးတက်စေဖို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ စာရေးသူတို့နိုင်ငံမှာ မိုးစပါးစိုက်ဧက ၁၄ သန်းကျော်ရှိပါတယ်။ မိုးစပါး တစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းဟာ တင်း ၁၀၀ ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၂၃-၂၀၂၄ ခုနှစ် အထွက်နှုန်းမှာတော့ ပျမ်းမျှအထွက်နှုန်းဟာ ၇၈ တင်းကျော်ပဲရှိပါတယ်။ ဒါဟာ ပန်းတိုင်ရည်မှန်းချက်ထက် ၂၂ တင်း ခန့်လျော့နည်းခဲ့တာဖြစ်ပါတယ်။ တွက်ကြည့်လိုက်ရင် တစ်ဧကကို ၂၂ တင်းနဲ့ ဧက ၁၄ သန်းအတွက် သန်း ၃၀၀ ကျော်လျော့နည်းထွက်ရှိခဲ့တာဖြစ်ပါတယ်။ ငွေနဲ့တန်ဖိုးသင့်လိုက်ရင်တော့ ငွေကျပ်ဘီလီယံ ၇၀၀၀ ခန့်လောက် လျော့နည်းခဲ့တာ တွေ့ရပါတယ်။ စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်း၊ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးချဲ့ပြီး အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ဟာ စိုက်ပျိုးရေးထုတ်ကုန်တွေ တိုးတက်စေတဲ့နည်းလမ်းတွေဖြစ်ပါတယ်။ ဒီနည်းလမ်း သုံးမျိုးထဲကမှ စာရေးသူတို့နိုင်ငံဟာ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းတိုးအောင်ဆောင်ရွက်တာနဲ့ သီးထပ်စွမ်းအားတိုးချဲ့တာကို အဓိကထားဆောင်ရွက်နေတာဖြစ်ပါတယ်။ ပန်းတိုင်ရည်မှန်းချက်ဆိုရာမှာလည်း မဖြစ်နိုင်တဲ့ ကိန်းဂဏန်းအရေအတွက်ကို ပေးထားတာမဟုတ်ဘဲ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံရဲ့ သီးနှံထွက်နှုန်းတွေကို နှိုင်းယှဉ်သုတေသနပြုပြီး သေချာစနစ်တကျ နှိုင်းယှဉ်တွက်ချက်၍ ပေးထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးသီးနှံတွေကို တစ်ဧကအထွက်နှုန်းတွေတိုးတက်ပြီး ပန်းတိုင်အထွက်နှုန်းအတိုင်း ပြည့်မီအောင်ဆောင်ရွက်ရမှာဖြစ်တဲ့အပြင် သီးထပ်စွမ်းအားတွေ တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါတယ်။ ငွေအရင်းအနှီးတတ်နိုင်သူတွေဟာလည်း စိုက်ပျိုးရေးကဏ္ဍကြီးမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်မယ်ဆိုရင် နိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍကြီးကလည်း တိုးတက်လာသလို နိုင်ငံ့စီးပွား၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများစွာလည်း မြင့်မားလာမှာဖြစ်ပါတယ်။ ဒီလို စိုက်ပျိုးသီးနှံတွေ ပန်းတိုင်အထွက်နှုန်း ပြည့်မီဖို့ဆိုရင် အဓိကလိုအပ်တာက မိရိုးဖလာစိုက်နည်းစနစ်တွေသာမကဘဲ ခေတ်မီနည်းစနစ်တွေနဲ့ အညီ စိုက်ပျိုးနိုင်ဖို့ လိုအပ်ပါတယ်။

**မျိုး၊ မြေ၊ ရေ၊ နည်း**

နိုင်ငံတော်အကြီးအကဲ အမှာစကားပြောကြားတိုင်း ပြောနေကျ စကားစုလေးကိုလည်း မှတ်သားမိပါတယ်။ အဓိကလည်းကျသလို စနစ်တကျအသုံးချတတ်ဖို့ လည်း လိုအပ်ပါတယ်။ မျိုးကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင် ဖန်တီးပေးနိုင်ရေး၊ မြေအရည်အသွေး ကောင်းမွန်အောင် စနစ်တကျပြုပြင်ရေးနဲ့ ခေတ်မီသင့်လျော်တဲ့ သွင်းအားစုမြေဩဇာတွေကို ရရှိအောင်ဖန်တီးပေးရေး၊ စိုက်ပျိုးရေးရေနဲ့ အောင်ရေကို ဖူလုံစွာဖန်တီးပေးနိုင်ရေး၊ စိုက်နည်းစနစ်တွေ မှန်ကန်မှုရှိစေရေးနဲ့ ခေတ်မီနည်းစနစ်တွေကို အသုံးပြုနိုင်ရေးဆိုတဲ့ မျိုး၊ မြေ၊ ရေ၊ နည်းဆိုတဲ့ အချက် လေးချက်ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့ ❖**

❖ စာမျက်နှာ ၆ မှ

ဒီလေးချက်နဲ့အညီ ဆောင်ရွက်နိုင်ဖို့က နိုင်ငံတော်အစိုးရရဲ့ ကဏ္ဍစုံကနေ ပံ့ပိုးမှုတွေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသူတွေရဲ့ အားကြိုးမာန်တက် လိုက်ပါလုပ်ဆောင်နိုင်စွမ်းတွေ၊ ခေတ်မီသွင်းအားစုတွေကို တင်သွင်းပို့ဆောင်ပေးမယ့်ကုမ္ပဏီတွေရဲ့ စုပေါင်းစွမ်းအားပေါ်မှာ အများကြီးမူတည်ပါတယ်။ စိုက်ပျိုးရေးမှာ အဓိကလိုအပ်တဲ့ ဓာတ်မြေဩဇာကိုလည်း နိုင်ငံတော်အဆင့်စီမံကိန်းတွေနဲ့ ဆောင်ရွက်ပေးမယ်ဆိုရင် တောင်သူတွေအနေနဲ့ အများကြီးအဆင်ပြေချောမွေ့မှာဖြစ်ပါတယ်။ ပြိုင်တူတွန်းလှျင်ရွေ့နိုင်ပါတယ်ဆိုတဲ့စကားအတိုင်း စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို ခေတ်မီနည်းစနစ်တွေ၊ ခေတ်မီသွင်းအားစုတွေနဲ့ပေါင်းစပ်ပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင်၊ ထိုကတစ်ဆင့် ပန်းတိုင်အထွက်နှုန်းကျော်လွန်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ စာရေးသူပြောပြခဲ့တာ မြန်မာနိုင်ငံရဲ့အဓိကစိုက်ပျိုးရေးအမျိုးအစားဖြစ်တဲ့ စပါးကို မူတည်ပြီး ပြောပြခဲ့တာပါ။ ဒါ့အပြင် အခြားအဓိကစိုက်ပျိုးထုတ်ကုန်တွေဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ နေကြာ၊ ပန်းနှမ်း စတဲ့ဆီထွက် သီးနှံတွေကိုလည်း ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ပြီး နိုင်ငံ့ GDP တိုးတက်စေဖို့အတွက် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

### တစ်ပိုင်တစ်နိုင်မွေးမြူရေး

နောက်တစ်ခုကတော့ မွေးမြူရေးဖြစ်ပါတယ်။ မွေးမြူရေးဆိုရာမှာလည်း စီးပွားဖြစ်မွေးမြူရေးကို စာရေးသူ မဆိုလိုသေးပါဘူး။ တစ်ပိုင်တစ်နိုင်မွေးမြူရေးစနစ်ကို အရင်ဆုံးပြောချင်ပါတယ်။ စာရေးသူတို့နိုင်ငံရဲ့ အဓိကစားသုံးတဲ့အသားတွေကတော့ ကြက်၊ ဝက်၊ ဆိတ်၊ အမဲ၊ ငါးတို့ပဲ ဖြစ်ပါတယ်။ ဒီလိုအသားငါးတွေစားသုံးရာမှာ ပြည်ပကဝင်တဲ့ အသားတိုးမျိုးစိတ်တွေရှိသလို မြန်မာနိုင်ငံရဲ့ ဒေသထွက်မျိုးစိတ်တွေလည်းရှိပါတယ်။ အဲဒီဒေသမျိုးစိတ်တွေကို တစ်ပိုင်တစ်နိုင် မွေးမြူရာမှာ ယခင်က မိရိုးဖလာမွေးမြူနေကျအတိုင်း လွှတ်ကျောင်းစနစ်အစား နည်းပညာပိုင်းဆိုင်ရာ အကူအညီရယူပြီး ကိုယ့်ဒေသမျိုးစိတ်တွေနဲ့ပဲ စီးပွားဖြစ်မွေးမြူလို့ရပါတယ်။ မြန်မာနိုင်ငံဟာဆိုရင် အရှေ့တောင်အာရှနိုင်ငံတွေထဲက ကြက်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူတဲ့နိုင်ငံတွေထဲမှာ အစောဆုံးနိုင်ငံတစ်ခုဖြစ်တယ်လို့ ကြက်မွေးမြူကုသရေးစာအုပ်နှစ်အုပ်လောက်မှာ ဖတ်ခဲ့ရဖူးပါတယ်။ အရင်ဆုံး ဒေသကြက်အကြောင်း စပြောလိုပါတယ်။ ဥပမာ အိမ်တိုင်းအလွယ်တကူလုပ်နိုင်သော ဒေသကြက်



မွေးမြူရေးလုပ်ငန်းကနေ ဝင်ငွေရရှိမယ့်အသေးစားစီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲနိုင်တာမျိုးဖြစ်ပါတယ်။ ဒေသကြက်လေးတစ်အုပ် မွေးထားတာ၊ မနက်ကျအိမ်ခြံဝိုင်းထဲလွှတ်ပေးထား၊ သူတို့ဘာသာ အစာရှာစား၊ ညဘက်ရောက်လာရင် အိပ်တန်းတက်မယ့်အချိန်ရောက်ရင် ပြန်သိမ်း၊ အရွယ်လေးတွေရပြီး အလေးချိန်လေးတွေစီးလာပြီဆိုရင် ရောင်းစား၊ ဒီလိုပဲလုပ်နေမယ့်အစား ဒေသကြက်ကို စနစ်တကျဘယ်လိုမွေးမလဲဆိုတဲ့ နည်းစနစ်ကို လေ့လာရမှာဖြစ်ပါတယ်။ တစ်နိုင်ကြက်ခြံလေးတွေဆောက်ပြီး ကြက်တွေစားဖို့ ဖြည့်စွက်စာအနေနဲ့ စပါး၊ ဆန်၊ ဆန်ကွဲ၊ ထမင်းတို့အပြင် ရောစပ်အစာတွေကို ဖွဲနု၊ ဆန်ကွဲတို့နဲ့ရောကာ အစာခွက်လေးနဲ့ ကျွေးဖို့လိုပါတယ်။ ဒါ့အပြင် ကြက်တွေဖြစ်တတ်တဲ့ ကြက်လည်လိမ်ရောဂါ၊ ကြက်ဝမ်းကျရောဂါတွေမဖြစ်ဖို့ ကာကွယ်ဆေးတွေလည်း ထိုးရမှာဖြစ်ပါတယ်။ ဒီလိုစနစ်တကျနဲ့မွေးရင် ရောင်းချချိန်ထိ ကြက်တစ်အုပ်လုံးသို့မဟုတ် တစ်ကောင်တစ်လေစသည်ဖြင့် အလေအလွင့်မရှိတော့ဘဲ ဝင်ငွေတိုးနိုင်မှာ ဖြစ်ပါတယ်။ အခုနောက်ပိုင်းခေတ်စားနေတဲ့ကြက်မည်းမွေးမြူရေးအကြောင်းလည်း အနည်းငယ်ပြောပြလိုပါတယ်။ သူကဥစားမဟုတ်ဘဲ အသားစားဖို့အတွက် မွေးမြူရတာဖြစ်ပါတယ်။ ကြက်မည်းအသားဟာ ဈေးကွက်မှာ သာမန်ကြက်တွေထက်ရှားပြီး တန်ဖိုးလည်းမြင့်ပါတယ်။ ကြက်မည်းတွေဟာ စီးပွားဖြစ်မွေးမြူရတဲ့ အသားတိုးကြက်တွေလောက် ကြီးထွားနှုန်းမမြန်သလို ဥစားကြက်တွေလိုလည်း ဥနှုန်းမကောင်းပါဘူး။ ကြက်မည်းတွေကို အသားတိုးကြက်လို၊ ဥစားကြက်လိုမျိုး ကြီးထွားနှုန်းကောင်းဖို့ ဦးစားမပေးဘဲ အရောင်အသွေးမည်းနက်ဖို့ ဦးစားပေးရတာဖြစ်တဲ့အတွက် အများအပြားမထုတ်လုပ်နိုင်ပါဘူး။ ဒါကြောင့် ဈေးကွက်အတွင်းမှာရှားပါးပြီး တန်ဖိုးလည်းရှိတဲ့ကြက်မည်းကို တစ်ပိုင်တစ်နိုင်စနစ်တကျမွေးမြူနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကြက်မည်းလိုမျိုးပဲ ဒေသကြက်ကို နည်းစနစ်တကျ မွေးမြူမယ်ဆိုရင် အရည်အသွေးကောင်းမွန်တဲ့ ဒေသကြက်တွေကို ထုတ်လုပ်ရောင်းချနိုင်ပြီး ဝင်ငွေတိုးမှာ ဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံမှာ ဒေသထွက်ဖြစ်တဲ့ မိတ္ထီလာဒေသက လက်ပံပြားကြက်ကြော်ဆိုရင် အလွန်နာမည်ကြီးပါတယ်။ ဒီလိုနာမည်ကြီးဒေသထွက်မွေးမြူရေးကရတဲ့ ထုတ်ကုန်တစ်ခုကို ခေတ်မီနည်းပညာနဲ့သာ ပေါင်းစပ်ပေးလိုက်မယ်ဆိုရင် စာရေးသူတို့ရဲ့ လက်ပံပြားကြက်ကြော်ဟာလည်း KFC တို့၊ Lotteria ကြက်ကြော်တို့နဲ့ ရင်ပေါင်တန်းနိုင်တဲ့ ထုတ်ကုန်တစ်ခုဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် ကြက်ဥ၊ ဘဲဥဟာလည်း အာဟာရလည်းပြည့်ဝတဲ့အပြင် အရောင်းသွက်စားသောက်ကုန်တစ်ခုလည်းဖြစ်တဲ့အတွက် ကြက်ကောင်ရေများများ မွေးမြူနိုင်လေလေ နေ့စဉ်ဝင်ငွေများများရရှိလေဖြစ်ပါတယ်။ ဥစားကြက်က ဥတဲ့ကြက်ဥထက် ဒေသကြက်ကဥတဲ့ကြက်ဥကို ဈေးကြီးပေးပြီး အော်ဂဲနစ်အစားအစာအဖြစ် တန်ဖိုးထားဝယ်ယူစားသုံးနေတာကိုလည်း တွေ့ရှိရပါတယ်။

### ဒေသဝက်၊ နွားမွေးမြူရေး

ဒီလိုပါပဲ ဒေသဝက်ဆိုရင်လည်း တစ်ပိုင်တစ်နိုင်မွေးမြူရာမှာ စာကြွင်း၊ စားကျန်ကျွေးပြီး လွှတ်ကျောင်းနေမယ့်အစား စိုက်ပျိုးရေးကရရှိတဲ့ တိရစ္ဆာန်စာတွေဖြစ်တဲ့ ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်တို့နဲ့ သေချာကျွေးမွေးမယ်၊ သေချာခြံခတ်မွေးမယ်ဆိုရင် ကျန်းမာသန်စွမ်းပြီး အသားအလေးချိန်တိုးတဲ့ဒေသဝက်ကို မွေးမြူနိုင်မှာဖြစ်ပါတယ်။ ထို့အတူပါပဲ ဒေသနွားကို မွေးမြူရာမှာလည်း လွှတ်ကျောင်းမယ်၊ အချိန်တန်ပြန်သိမ်းမယ်ဆိုတာထက် ကောက်ရိုးကို ယူရီးယားနဲ့ပြုပြင်ကျွေးမွေးမယ်၊ နေပီယာမြက်လိုမျိုး မွေးမြူရေးကို အထောက်အကူဖြစ်စေတဲ့ မြက်မျိုးတွေစိုက်ပြီး ကျွေးမွေးမယ်ဆိုရင် နို့ထွက်နှုန်းပိုမိုများမယ်၊ မျိုးအောင်နှုန်းလည်းမြင့်မယ်၊ ကြီးထွားနှုန်းကောင်းမယ်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိလာမယ်။ ဒါဟာဒေသမျိုးစိတ်တွေကိုစွနဲ့ နည်းပညာနဲ့ပေါင်းစပ်ကာ စီးပွားဖြစ်မွေးမြူနိုင်ရေးနည်းကို အကျဉ်းချုံးပြောပြတာပဲ ရှိပါသေးတယ်။ ဆိုလိုချင်တာက နည်းပညာရယ်၊ ပြည်တွင်းထွက်စိုက်ပျိုးရေးထုတ်ကုန်ကရရှိတဲ့ တိရစ္ဆာန်အစာတွေနဲ့ရယ် ပေါင်းစပ်လိုက်မယ်ဆိုရင် မွေးမြူရေးမှာပါ ကုန်ကျစရိတ်သက်သာစွာနဲ့ စီးပွားဖြစ်ထွန်းစေနိုင်ကြောင်းကို ထောက်ပြလိုတာဖြစ်ပါတယ်။

ဒါတွေကတော့ တစ်ပိုင်တစ်နိုင်မွေးမြူရေးတွေကို ခေတ်မီနည်းပညာနဲ့ပေါင်းစပ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းအနေနဲ့ ဆောင်ရွက်နိုင်တဲ့အကြောင်းကို ပြောပြခဲ့တာပါ။ ကိုယ်တတ်နိုင်ရင် တတ်နိုင်သလို တစ်ပိုင်တစ်နိုင်မှ လုပ်ငန်းကြီးတစ်ခုဖြစ်တဲ့အထိ မွေးမြူရေးလုပ်ငန်းတွေကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်ပါတယ်။ မွေးမြူရေးမှ ထွက်ရှိတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေကို နိုင်ငံခြားသို့ တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါဆို မွေးမြူရေးကနေလည်း ပြည်ပဝင်ငွေများ ရရှိလာနိုင်မှာဖြစ်ပါတယ်။

စာရေးသူတို့နိုင်ငံအနေနဲ့ GDP တိုးတက်ဖို့အတွက် ရေခံမြေခံကောင်းများနဲ့ လူသားအရင်းအမြစ်များကိုအသုံးချပြီး Quick Win ဖြစ်တဲ့ လယ်ယာကဏ္ဍကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ ကဏ္ဍကြီးတွေဖြစ်တဲ့ စက်မှုလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း တိုးတက်အောင်ဆောင်ရွက်နိုင်ပါတယ်။

### ပြည်ပပို့ကုန်ကိုပါ တိုးတက်စေ

ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုတဲ့ စကားလိုပါပဲ။ တစ်ခုနဲ့တစ်ခုဟာ ဆက်စပ်ဖြစ်တည်နေကြတာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးဘက်မှာ အောင်မြင်လာပြီဆိုရင် စိုက်ပျိုးမွေးမြူရေးကရတဲ့ ကုန်ကြမ်းတွေကို အခြေခံပြီး ထုတ်လုပ်နေတဲ့ စက်မှုလုပ်ငန်းတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးက ထွက်ရှိလာတဲ့ ထွက်ကုန်တွေကို ခေတ်မီစက်ရုံကြီးတွေ တည်ဆောက်ပြီး အရည်အသွေးပြည့်မီတဲ့စားသောက်ကုန်တွေ ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကုန်ကြမ်းကို နိုင်ငံခြားက မတင်သွင်းရခြင်း၊ မိမိနိုင်ငံတွင်းကပဲ အလုံအလောက်ရရှိခြင်း၊ သယ်ယူပို့ဆောင်စရိတ်သက်သာခြင်းဆိုတဲ့ အချက်သုံးချက်နဲ့တင်ကိုပဲ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို စရိတ်သက်သက်သာသာနဲ့ ထုတ်လုပ်နိုင်မှာဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်များ ပြည့်မီလာမယ့်အပြင် ပြည်ပပို့ကုန်ကိုပါ တိုးတက်စေနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုစိုက်ပျိုးမွေးမြူရေး ထွက်ကုန်များကို အခြေခံတဲ့စက်မှုကုန်ထုတ်လုပ်ငန်းများ ( Agro Based Industry) ကို တန်ဖိုးမြင့်ကုန်ချောပစ္စည်း ရရှိလာသည်အထိ အရည်အသွေးပြည့်မီအောင် ခေတ်မီနည်းစနစ်များနဲ့ ပေါင်းစပ်ပြီး ပြည်တွင်းသာမက ပြည်ပအထိတင်ပို့ရောင်းချနိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီလိုပစ္စည်းကောင်းတွေ ထုတ်လုပ်နိုင်ပြီဆိုရင် ဒီကုန်ပစ္စည်းတွေကို သယ်ယူခြင်း၊ ရောင်းချခြင်း၊ ငွေပေးချေခြင်း၊ နိုင်ငံအတွက်အကျိုးရှိစေမယ့် ကဏ္ဍစုံမှာ အကျိုးရှိရှိ ကောင်းမွန်စွာ အသုံးချနိုင်ခြင်းဆိုတဲ့ ဝန်ဆောင်မှုကဏ္ဍတွေဟာလည်း ကောင်းမွန်တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်ဖက်ကပြောမယ်ဆိုရင် စက်မှုလုပ်ငန်းတွေ တိုးတက်လာပြီဆိုရင် ခရီးသွားလုပ်ငန်း စတဲ့ဝန်ဆောင်မှုလုပ်ငန်းများပါ ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လယ်ယာကဏ္ဍကောင်းရင် စက်မှုကဏ္ဍကောင်းမယ်။ စက်မှုကဏ္ဍကောင်းရင် ဝန်ဆောင်မှုကဏ္ဍလည်း ကောင်းလာမှာဖြစ်ပါတယ်။ ဒီကဏ္ဍသုံးရပ်ဟာ ဆက်စပ်မှုရှိတဲ့အတွက် တိုးတက်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အဲဒီထဲကမှ အခြေခံအကျဆုံးဖြစ်တဲ့ လယ်ယာကဏ္ဍကြီးကို အောင်မြင်တိုးတက်အောင် ဆောင်ရွက်မယ်ဆိုရင် စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးတို့ဟာလည်း အောင်မြင်တိုးတက်လာပြီး နိုင်ငံရဲ့ GDP ဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်။

### အလုပ်လုပ်ကြဖို့လို

နှမ်းတစ်စေ့တည်းနဲ့တော့ ဆီမဖြစ်ပါဘူး၊ ဒီလိုပဲ ရေတစ်စက်နဲ့လည်း ရေမပြည့်ပါဘူး။ ဒါပေမဲ့ နှမ်းစေ့တွေ အများကြီးပါဝင်လာရင် ဆီဖြစ်သလို ရေစက်တွေ အများကြီးစုပေါင်းလိုက်ရင်လည်း ရေပြည့်လာနိုင်ပါတယ်။ ဒါကြောင့် နိုင်ငံ့ GDP တိုးတက်ဖို့ဆိုရင် နိုင်ငံသားတစ်ဦးချင်းရဲ့ GDP တိုးတက်ဖို့လိုတဲ့အတွက် စာမျက်နှာ ၈ သို့ ✻

**❛ နိုင်ငံ့ GDP တိုးတက်ဖို့ဆိုရင် နိုင်ငံသားတစ်ဦးချင်းရဲ့ GDP တိုးတက်ဖို့လိုတဲ့အတွက် အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်တဲ့သူတိုင်း အလုပ်လုပ်ကြဖို့ လိုအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ဒေသအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးကို ဆောင်ရွက်ပြီး ဒေသခံများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာတဲ့အခါ လုပ်ငန်းများ ဆောင်ရွက်နေတဲ့ ပြည်သူတစ်ဦးချင်းရဲ့ဝင်ငွေများ တိုးတက်လာပြီး တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီရဲ့ GDP တိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ မူဝါဒကလည်း ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနဲ့ ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတဲ့အတွက် ပြည်ပကိုအားကိုးခြင်းထက် ပြည်တွင်းအားဖြင့် အကျိုးရှိထိရောက်တဲ့လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ် ❜**

# အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ် ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေပေးအပ်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အဋ္ဌကထာ ကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ရုံးအမှတ် (၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ် အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ လူမှုရေးရာဝန်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ပြည်ထောင်စုဝန်ကြီးအမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်အား နာယူကြည်ညိုကြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက အဋ္ဌကထာကျမ်းစာအုပ်များကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ သမ္မောဒနီယကထာ လျှောက်ထားမြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က အဋ္ဌကထာကျမ်းစာအုပ်များ သတ်မှတ်ချိန်အမီ ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ဆရာတော်ကြီးများ၏ ဩဝါဒကိုနာခံပြီး ကွန်ပျူတာကျွမ်းကျင်သူများနှင့် ဝန်ကြီးဌာနမှဝန်ထမ်းများက စေတနာအပြည့်ဖြင့် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဋ္ဌကထာကျမ်းစာအုပ်ထုတ်ဝေရေးအဖွဲ့ နာယကဆရာတော်ကြီးများ၏ ကျမ်းစာအုပ်များ စိစစ်တည်းဖြတ်ခဲ့ကြမှုများအား Power Point ဖြင့် အသေးစိတ် ရှင်းလင်းလျှောက်ထားတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများက ဩဝါဒကထာများမြွက်ကြားချီးမြှင့်တော်မူကြသည်။

ယင်းနောက် အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ ရန်ကုန်မြို့ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက (လှရတနာ) ဆရာတော် ဘဒ္ဒန္တနာရဒါ ဘိဝံသ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သားသမီး၊ မြေးများ မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် မိသားစု၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် မိသားစု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် မိသားစု၊ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် မိသားစု၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မိသားစု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ အလှူရှင်များ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ပါဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ မဟာထေရ်မြတ်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြပြီး "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဋ္ဌကထာကျမ်းစာအုပ် ၅၁ အုပ်ကို ကွန်ပျူတာစာစီမှုဖြင့် ဆဋ္ဌမူအတိုင်း ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး အလှူတော်ငွေလှူဒါန်းပွဲ အခမ်းအနားတွင် ဇူလိုင် ၁၆ ရက်အထိ စေတနာရှင်၊ အလှူရှင် ၄၁ ဦးတို့က စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၁၀၆၉၄၂၄၀၀၀ ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ဆရာတော်ကြီးများနှင့် အလှူရှင်များက ခင်းကျင်းပြသထားသည့် ပုံနှိပ်ထုတ်ဝေပြီးသော ပါရာဇိက ကဏ္ဍအဋ္ဌကထာ (ပဌမောဘာဂေါ) အုပ်ရေ၁၀၀၀၊ သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ အုပ်ရေ ၁၀၀၀၊ ပါစိတျာဒိအဋ္ဌကထာ အုပ်ရေ ၅၀၀ တို့နှင့် ကွန်ပျူတာစာမူဆောင်ရွက်ပြီး ကျမ်းစာအုပ်များနှင့် Pagoda Digital Directory ရှင်းလင်းပြသမှုများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**✻ စာမျက်နှာ ၇ မှ**

အရွယ်ရောက်ပြီးအလုပ် လုပ်နိုင်တဲ့သူတိုင်း အလုပ်လုပ်ကြဖို့ လိုအပ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအလိုက် အခြေကျပြီးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး ဒေသအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးကို ဆောင်ရွက်ပြီး ဒေသခံများရဲ့အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာတဲ့အခါ လုပ်ငန်းများဆောင်ရွက်နေတဲ့ ပြည်သူတစ်ဦးချင်းရဲ့ဝင်ငွေများ တိုးတက်လာပြီး တစ်နည်းအားဖြင့် ပြည်သူတစ်ဦးချင်းစီရဲ့ GDP တိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ ပတ်သက်တဲ့ မူဝါဒကလည်း ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနဲ့ ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာ သာရှိတဲ့အတွက် ပြည်ပကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် အကျိုးရှိထိရောက်တဲ့လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စာရေးသူတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးနဲ့ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြခြင်းထက် ဈေးရောင်းချသူပိုများနေတာ ဖြစ်ပါတယ်။ ထုတ်လုပ်မှုကို ပိုမိုဆောင်ရွက်နိုင်မယ်ဆိုရင် ဒါဟာ နိုင်ငံအတွက် ဝင်ငွေပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။

ကုန်ထုတ်လုပ်မှုဆိုရာမှာလည်း ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနဲ့ လုပ်အားတို့ဟာ အဓိကလိုအပ်ချက်တွေဖြစ်ပါတယ်။ ကုန်ကြမ်းရှိမှ ပစ္စည်းထုတ်လုပ်နိုင်မှာဖြစ်သလို သွင်းအားစုများနဲ့ ငွေကြေးအရင်းအနှီး၊ ကျွမ်းကျင်လုပ်သားများရှိမှလည်း လုပ်ငန်းလည်ပတ်နိုင်မှာဖြစ်ပါတယ်။ ကုန်ကြမ်းရရှိရန်သေချာတဲ့စိုက်ပျိုးရေးကဏ္ဍကို အခြေခံတဲ့တန်ဖိုးရှိ၊ တန်ဖိုးမြင့်ပစ္စည်းများကို ထုတ်လုပ်ပြီးမြို့ပြနဲ့ကျေးလက်ကွာဟမှု၊ ဒေသတစ်ခုနဲ့တစ်ခုကွာဟမှု ကျဉ်းမြောင်းအောင် ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း ပြည်သူတစ်ဦးချင်းစီရဲ့ ဝင်ငွေတိုးတက်လာမှာဖြစ်ပါတယ်။ ပြည်သူတွေ ဝင်ငွေတိုးရင် နိုင်ငံရဲ့ဝင်ငွေလည်း တိုးမယ်။ နိုင်ငံ့ဝင်ငွေတိုးရင် နိုင်ငံ့ GDP လည်း တိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် စာရေးသူတို့နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာနေထိုင်ကြပြီး အဲဒီကျေးလက်နေပြည်သူများမှာ လယ်ယာ၊ သားငါးနဲ့ သစ်တောကဏ္ဍကို ဆောင်ရွက်နေသူတွေဟာ ၄၁ ရာခိုင်နှုန်းခန့်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုတာဟာလည်း သေချာတဲ့ ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်တဲ့အပြင် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ဖို့ ရေခံမြေခံကောင်းတွေကိုလည်း ပိုင်ဆိုင်ထားတဲ့ စာရေးသူတို့နိုင်ငံမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကို အခြေခံပြီး သူနဲ့ဆက်စပ်နေတဲ့ စက်မှုကဏ္ဍကြီးနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးတို့ကိုလည်း တိုးတက်အောင် ယှဉ်တွဲဆောင်ရွက်ရပါမယ်။ ကိုယ့်နိုင်ငံတွင်း စားရေရိက္ခာ ဖူလုံမှုမှသည် ကမ္ဘာ့စားနပ်ရိက္ခာ လုံခြုံရေးကိုပါ အာမခံနိုင်တဲ့ စိုက်ပျိုးထုတ်လုပ်ရေးစွမ်းအားရှိတဲ့ နိုင်ငံ (Agriculture Power Country)အဖြစ် ရပ်တည်နိုင်ပြီး နိုင်ငံ့ GDP ကို တိုးမြှင့်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား။** **Central Bank of Myanmar, Quarterly Financial Statistics Bulletin (2023 Volume III)**

---

## ဝမ်းတွင်းမြို့နယ်၌ အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ဝမ်းတွင်း ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၁၅ ရက်က အင်းကန်းကုန်းကျေးရွာအုပ်စု၌ ဆောင်ရွက်ခဲ့သည်။

**ကွင်းဆင်းဆောင်ရွက်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ် ဆောင်ရွက်ပေးခြင်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများအလိုက် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့များမှ ဆောင်ရွက်ပေးလျက်ရှိပြီ အခြေခံပညာ အလယ်တန်းကျောင်း-ခွဲ (အင်းကန်းကုန်း) သို့ ကွင်းဆင်း ဆောင်ရွက်ရာတွင် ပန်းခင်းစီမံချက်ဖြင့် အကျုံးဝင်သော ကျောင်းသား ကျောင်းသူ ၃(က) ၂၈ ဦး၊ ၆(က)သုံးဦး စုစုပေါင်း ၃၁ ဦး တို့အား အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားကတ်များဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးအသိပညာမျှဝေဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၇**

ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဥပဒေ ရေးရာဝန်ကြီးဌာန၏ အသိပညာမျှဝေဆွေးနွေးပွဲကို "ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ ရဲမြင့်က "ဆီးချို၊ သွေးချိုနှင့် သွေးတိုး ရောဂါအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာ သံလွင်ထွန်းက "How to fight Age Related Problems" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြပြီး ဆီးချို၊ သွေးချိုနှင့် သွေးတိုးရောဂါဆိုင်ရာ ကြိုတင်ကာကွယ်ရေး နည်းလမ်းများ သတိပြုလိုက်နာဆောင်ခြင်ရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ ရာသီအပြောင်းအလဲကြောင့် ကျန်းမာရေးအပေါ်တွင် သက်ရောက်နိုင်သည့် အချက်များကို ရှင်းလင်းကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့ပြင် ဥပဒေရေးရာဝန်ကြီးဌာနရှိ သတ်မှတ် နေရာများ၌ နေပြည်တော် သွားနှင့်ခံတွင်း အထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာ ခင်မောင် ဦးဆောင်သောအဖွဲ့က ဥပဒေရေးရာဝန်ကြီး ဌာနရှိ အရာထမ်း/အမှုထမ်းများ၏ သွားနှင့်ခံတွင်း ဆိုင်ရာရောဂါများ စစ်ဆေးကုသပေးခြင်းနှင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်စန္ဒာ ဦးဆောင် သောအဖွဲ့က ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အီဂျစ်အာရပ်သမ္မတနိုင်ငံ၏(၇၂)ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ




**ရန်ကုန် ဇူလိုင် ၁၇**

အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ (၇၂)ကြိမ်မြောက်အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarim နှင့် တာဝန်ရှိသူများက ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သီချင်းနှင့် အီဂျစ်အာရပ်သမ္မတ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mrs. Aya Saad Mohamed Abdelkarimနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး (၇၂)နှစ်မြောက် အီဂျစ်အာရပ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# မကွေးတက္ကသိုလ်၌ Research in Higher Education ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြော

**မကွေး ဇူလိုင် ၁၇**

မကွေးတက္ကသိုလ်တွင် Research in Higher Education ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခြင်းကို ဇူလိုင် ၁၆ ရက် ညနေပိုင်းက မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဦးက Research in Higher Education ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ပါရဂူတန်း ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၅၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

မြန်မာနိုင်ငံရှိ ဆေးဝါးသုံးစွဲသူ ပြည်သူများ ပြည်တွင်း၌ သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးနှင့် ဆေးဝါးများ မပြတ်လပ်ရေးအတွက် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များ အသင်းက ဦးဆောင်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက် ဆေးရောင်းချပွဲ ကျင်းပမည်ဖြစ်သည်။



အဆိုပါ ဆေးရောင်းပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဇူလိုင် ၁၇ ရက်မှ ၃၁ ရက်အထိ အပတ်စဉ် တနင်္လာမှ စနေအထိ (တနင်္ဂနွေနေ့နှင့် အများပြည်သူ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ) ဆေးဝါး ရောင်းချခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်ခရိုင်အဆင့် အမျိုးသမီးရေးရာ ကော်မတီအစည်းအဝေးပြုလုပ်

**လွိုင်လင် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အဆင့် အမျိုးသမီးရေးရာကော်မတီအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာခရိုင် အဆင့်အမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ ဦးကံစောလှိုင်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမော်က ခရိုင်အမျိုးသမီးရေးရာကော်မတီ၏ သမိုင်းကြောင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# (၇၇)နှစ်မြောက် အာဇာနည်နေ့

မောင်မြင့်အေး



မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ဇူလိုင်လ ၁၉ ရက်နေ့တွင် နှစ်ပေါင်း (၇၇)နှစ်ပြည့်ပြီဖြစ်သည်။

လူ၏အသက်ဖြင့် တွက်စစ်လျှင် လူ့သက်တမ်းတစ်ခုမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ အချိန်ကာလကြာခဲ့ပြီဖြစ်သော်လည်း တိုင်းပြည်အနေဖြင့်၊ ပြည်သူတို့အနေဖြင့် ယနေ့ထက်တိုင်အောင် မမေ့နိုင်သေးပါ။ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်နှင့် လူမျိုးအတွက် သူမတူအောင် စွမ်းဆောင်ခဲ့သည့် ဆောင်ရွက်ချက်များ စွဲထင်ကျန်နေသေးသည်။ ဗိုလ်ချုပ်အောင်ဆန်းကို မမေ့နိုင်သလို ဗိုလ်ချုပ်ချမှတ်ခဲ့သည့်လမ်းစဉ်များ၊ မျှော်မှန်းချက်များကို လိုက်နာဆောင်ရွက်ကြပါ၏လားဟု ပြန်လည်ဆန်းစစ်ကြရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ကြီးများ မြတ်သောစွန့်လွှတ်ခြင်းဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ခန္ဓာ စွန့်လွှတ်ခဲ့ကြပေသည်။ နိုင်ငံနှင့် လူမျိုးအတွက် အသက်စွန့်လွှတ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်တို့၏ ကျေးဇူးသစ္စာကို အောက်မေ့သတိရနေရုံမျှဖြင့်၊ စုရုံးအလေးပြုနေရုံမျှဖြင့်မပြီးပေ။ ဗိုလ်ချုပ်ကို ချစ်မြတ်နိုးလျှင် ဗိုလ်ချုပ်တို့ အသက်စွန့်ယူပေးခဲ့သော မြန်မာနိုင်ငံ၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်၊ ဗိုလ်ချုပ်တို့ တည်ဆောက်ပေးခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အရှည်ခိုင်ခံ့အောင်၊ ဗိုလ်ချုပ်တို့ မျှော်မှန်းခဲ့သည့် တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်သစ် တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။

**တာဝန်သုံးရပ် ချမှတ်ခဲ့**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအားလုံးတို့အတွက် တော်လှန်ရေးအဆင့်နှစ်ဆင့် ချမှတ်ဆောင်ရွက်သွားခဲ့သည်။ ပထမအဆင့်သည် လုံးဝလွတ်လပ်ရေးဖြစ်ပြီး ဒုတိယအဆင့်သည် ပြန်လည်ထူထောင်ရေး ဖြစ်သည်ဟု "ဗိုလ်ချုပ်အောင်ဆန်းနှင့် လွတ်လပ်ရေးတိုက်ပွဲ" စာမျက်နှာ (၁၁၂) တွင် ဖော်ပြထားသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်လွတ်လပ်ရေး ကြိုးပမ်းမှုလက္ခဏာများကို ဆန်းစစ်ပြီး ပထမအဆင့် လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ပြီးနောက် ဒုတိယအဆင့်သို့ ချီတက်ရမည့် တော်လှန်ရေး၏ တာဝန်သုံးရပ်ကို ချမှတ်ခဲ့သည်။

ထိုတာဝန်သုံးရပ်မှာ (၁) ဒီမိုကရေစီရေး၊ (၂) လယ်ယာမြေပြုပြင်ရေး၊ (၃) နယ်ချဲ့အမှီအခိုကင်းသည့် စီးပွားရေးထူထောင်ရေးတို့ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပထမအဆင့် လုံးဝလွတ်လပ်ရေးတိုက်ပွဲကာလမှာပင် နယ်ချဲ့လက်ဝေခံ၊ အမျိုးသားသစ္စာဖောက်၊ လူသတ်သမားတို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့ရသည်။ ဒုတိယအဆင့် တော်လှန်ရေးတာဝန်ကို မဆောင်ရွက်ခဲ့ရပေ။ သို့သော် ဗိုလ်ချုပ်သည် ကြိုတင်မြော်တွေးထားခဲ့သည်။ မြန်မာပြည်၏ စီးပွားရေးတိုက်ပွဲဟာ ရှည်ကြာမည်၊ ခက်ခဲမည်၊ ပထမအဆင့် နိုင်ငံရေးလွတ်လပ်မှုအတွက် နောက်ဆုံးပြင်ဆင်မှုအတွင်းမှာပင် အနာဂတ်အတွက် တိုင်းပြည်ကာကွယ်ရေးနှင့် စီးပွားရေးအခြေခံများကိုမြော်မြင်ပြီး စတင်အုတ်မြစ်ချထားရမည်ဟု ၁၉၄၇ ခုနှစ် အစောပိုင်းက ပြောကြားထားသည်ကို "အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ" စာမျက်နှာ (၇၇) တွင် ဖော်ပြထားသည်။

ဗိုလ်ချုပ်သည် လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ပတ်သက်၍ တရားမျှတသော လူ့ဘောင်ကို မျှော်မှန်းခဲ့သည်။ အများအကျိုးကို ရှေးရှုခဲ့သည်။ မျက်ကန်းမျိုးချစ်၊ မျက်ကန်းတော်လှန်ရေးကိုအားမပေး။ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ သူပုန်ထ၊ မီးရှို့နေခြင်းများသည် တော်လှန်ရေးလားဟု ပြောကြားခဲ့သည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားနှင့် ပတ်သက်၍ အထူးသင်ကြားတတ်မြောက်သူများသည် အစိုးရနှင့် ပြည်သူများ၏ မိတ်ဆွေဖြစ်ရမည်ဟု ပြောခဲ့သည်။ စီးပွားရေးနှင့်ပတ်သက်၍ စီမံကိန်းများကို ပြန်လည်စစ်ဆေးပြီး တိုင်းပြည်အကျိုးနှင့် ကိုက်နိုင်သမျှ ကိုက်အောင် ဆောင်ရွက်ရမည်။ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြတော့မည်ဆိုလျှင် National Planning ဟုခေါ်သည့် စီမံကိန်းများနှင့်မလုပ်ဘဲ ဘယ်နည်းနှင့်မျှ တိုင်းပြည်မကြီးပွားနိုင်၊ မထူထောင်နိုင်။ ပဒေသာပင် မြေက မပေါက်နိုင်။ ပဒေသာပင်ပေါက်အောင် အလုပ်လုပ်မှဖြစ်မည်။ လွတ်လပ်ရေးရသော်ငြား လွတ်လပ်ရေးတာဝန် မထမ်းဆောင်ချင်လျှင် လွတ်လပ်ရေး ဒီနေ့ရ၊ မနက်ဖြန် တခြားလက် ပြန်ပါသွားမည်။

**တိုင်းပြည်ကာကွယ်ဖို့အတွက် စစ်ထဲဝင်ရမည်**

ပြန်လည်ထူထောင်ရေး ဖြစ်ဖြစ်၊ ကာကွယ်ရေးဖြစ်ဖြစ် လုပ်သည့်အခါ တိုင်းပြည်လူထုနှင့်ယှဉ်ပြီး ကိုယ်ထိလက်ရောက်ပါဝင်ဖို့၊ တိုင်းပြည်ကာကွယ်ဖို့အတွက် စစ်ထဲဝင်ရမည်၊ ဝင်ပြီးနောက် တိုက်ချင်ချင်၊ မတိုက်ချင်ချင် တိုက်ရမည်။ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်လျှင် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေလျှင် အကျိုးရှိမှာမဟုတ်။ စုပေါင်းလုပ်ကြမှာသာ အကျိုးရှိနိုင်မည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခု မရှိသမျှကာလပတ်လုံး တိုင်းပြည်လွတ်လပ်ပင် လွတ်လပ်ငြားသော်လည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရလုပ်လုပ် တိုင်းပြည်ပျက်စီးမည် စသည်တို့သည် မြန်မာပြည်အတွက် ဗိုလ်ချုပ်အောင်ဆန်း မြော်တွေးပြောကြားခဲ့သော အနှစ်ချုပ်စကားများဖြစ်သည်။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော် အခြယ်လှယ်ခံ၊ သွေးစုပ်ခံဘဝဖြင့် နေခဲ့ရသည်။ သူ့ကျွန်မခံလိုသော မြန်မာတို့သည် ကျူးကျော်သူနယ်ချဲ့တို့ကို အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပေးဆပ်ကာ နည်းမျိုးစုံဖြင့် တော်လှန်ခဲ့ကြသည်။ ဤသို့ တော်လှန်ခဲ့ကြသည့် သမိုင်းစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်နှင့် လူမျိုးအပေါ် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကိုယ်ကျိုးမဖက် အသက်ကို ပဓာနမထားဘဲ တွန်းလှန်တိုက်ပွဲဝင်ခဲ့သော ကျေးဇူးကြောင့် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပေသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုကား မြန်မာပြည်သူတို့အဖို့ ကမ္ဘာတည်သရွေ့ မမေ့နိုင်စရာဖြစ်၍ သတိရကြသည်။ ဝမ်းနည်းကြေကွဲဖြစ်ကြရသည်။

သို့သော် မြန်မာပြည်သူတို့အနေဖြင့် ဤသို့ သတိရရုံ၊ လွမ်းဆွတ်နေရုံ၊ ဝမ်းနည်းကြေကွဲနေရုံဖြင့် မည်သို့မျှ အကျိုးရှိလာမည်မဟုတ်ပေ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဤနေ့ ဤရက်တွင် သတိရဂုဏ်ပြုလေးစားသမှုပြုပြီး ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသည့် လူ့ဘောင်လောကသစ် ဖြစ်ပေါ်လာအောင် ဆက်လက်တည်ဆောက်ကြရမည်။ သို့မှသာလျှင် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်များအား ဂုဏ်ပြုရာ၊ သစ္စာစောင့်သိရာ၊ ကျေးဇူးဆပ်ရာရောက်မည်ဖြစ်ပေသည်။

**ပြန်လည်တည့်မတ်အောင် တည်ဆောက်ပေး**

ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သည့်အတိုင်း တပ်မတော်သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ သို့သော် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ အာဏာစွဲ ပြည်ပအမှီအခိုလွန်ကဲမှုကြောင့် တိုင်းပြည်နှင့် ဒီမိုကရေစီလမ်းကြောင်း ယိမ်းယိုင်သွေဖည်လာသဖြင့် ပြန်လည်တည့်မတ်အောင် တည်ဆောက်ပေးနေခြင်းဖြစ်သည်။ အကယ်၍သာ အာဏာရနိုင်ငံရေးပါတီ အဖွဲ့အစည်းကြီးတစ်ခုသည် နိုင်ငံရေးကျင့်ဝတ်သိက္ခာကို စောင့်စည်းလျက် လက်ခံထားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မဖောက်မပြန်အဖြောင့်အမှန် သွားမြဲသွားနေခဲ့မည်၊ ပြည်ထောင်စုကြီးလည်း ယိမ်းယိုင်ပျက်ပြားမှုမရှိဘဲ ပကတိကြံ့ခိုင်စည်းလုံးလျက်ရှိမည်ဆိုသော် တပ်မတော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အကြောင်းပေါ်လာမည်မဟုတ်ပေ။

မျက်မှောက်ကာလတွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်လမ်းညွှန်ပေးခဲ့သည့် တာဝန်များကို ဆက်လက်ထမ်းဆောင်နေခြင်း မည်ပါသည်။ ဗိုလ်ချုပ်မျှော်မှန်းချက်များနှင့် ထပ်တူ တိုင်းပြည်ကို ပိုမိုကောင်းမွန်အောင် တည်ဆောက်နေပါသည်။ မြန်မာနိုင်ငံတွင် ခွင့်တူညီမျှဝါဒဖြူစင်သည့် ဒီမိုကရေစီနိုင်ငံဖြစ်လာအောင် တည်ဆောက်လျက်ရှိပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီစနစ်တည့်မတ်မှန်ကန်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လူမှုစီးပွားဘဝ မြင့်မားရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ရှေ့လုပ်ငန်းစဉ် ပထမအချက်ဖြစ်သည့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် လုံခြုံတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်ပနိုင်ငံအချို့က အကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီများပေးလျက်ရှိသည်။ **စာမျက်နှာ ၁၁ သို့** ❐

> **❛ ဗိုလ်ချုပ်သည် လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံးစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းခဲ့သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် ပတ်သက်၍ တရားမျှတသော လူ့ဘောင်ကို မျှော်မှန်းခဲ့သည်။ အများအကျိုးကို ရှေးရှုခဲ့သည်။ မျက်ကန်းမျိုးချစ်၊ မျက်ကန်းတော်လှန်ရေးကိုအားမပေး။ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ သူပုန်ထ၊ မီးရှို့နေခြင်းများသည် တော်လှန်ရေးလားဟု ပြောကြားခဲ့သည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားနှင့်ပတ်သက်၍ အထူးသင်ကြားတတ်မြောက်သူများသည် အစိုးရနှင့် ပြည်သူများ၏ မိတ်ဆွေဖြစ်ရမည်ဟု ပြောခဲ့ ❜**

❒ စာမျက်နှာ ၁၀ မှ

လက်ဝေခံ အကြမ်းဖက်အဖွဲ့များက တိုင်းပြည်ကို ဖျက်ဆီးလျက်ရှိသည်။ တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သမိုင်းပေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။

တိုင်းပြည်လုံခြုံရေးအတွက် အချို့ဒေသများတွင် ငြိမ်းချမ်းမှုကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ပြီး သောင်းကျန်းသူများထံ ပေးပို့မည့် လက်နက်ခဲယမ်းများကို တားဆီးပိတ်ဆို့နိုင်ခဲ့သည်။ တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် မြို့ရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ သောင်းကျန်းသူများသည် ၎င်းတို့လက်လွှတ်ခဲ့ရသည့် မြို့ရွာများကို မီးရှို့ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်စည်းစိမ်များ ပျက်စီးအောင် ရက်စက်ယုတ်မာစွာ လုပ်ကိုင်ခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ဒီမိုကရေစီလမ်းကြောင်းကို သွေဖည်ပြီး နယ်မြေအလိုက် အာဏာထူထောင်ရေး လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ**

နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှသာ နိုင်ငံ၏ GDP လည်း တိုးတက်လာပြီး ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နေချိန်တွင် အချို့ပြည်ပနိုင်ငံများနှင့်အဖွဲ့အစည်းများက အကြောင်းအမျိုးမျိုးဖြင့် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ကြသည်။ အလားတူ နယ်စပ်ကုန်သွယ်ရေးကို ထိခိုက်စေရန်အတွက် အကြမ်းဖက်သမားများက နယ်စပ်ဒေသများတွင် တိုက်ပွဲများဖြစ်ပေါ်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သည်။ ယခင်က စီးပွားရေးပိတ်ဆို့မှုများ၊ ဘဏ်စနစ်ပြိုလဲအောင် လုပ်ဆောင်မှုများ၊

**❛ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတသသည်ဆိုလျှင်၊ သတိရအောက်မေ့သည်ဆိုလျှင်၊ တန်ဖိုးထားလေးစားသည်ဆိုလျှင် လမ်းညွှန်ပြသပေးခဲ့သည့်အတိုင်း ယနေ့နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အဘက်ဘက်က ဝိုင်းဝန်းနှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် ထိခိုက်ဆုံးရှုံးပျက်စီးကြသည်ကို စိတ်မကောင်းဖွယ် တွေ့ရမည်ဖြစ် ❜**

ငွေကြေး ကမောက်ကမဖြစ်အောင် လုပ်ဆောင်မှုများရှိခဲ့သည်။ ယခုလည်း အဆိုပါ အနှောင့်အယှက်များရှိနေဆဲဖြစ်သည်။

တိုင်းပြည် ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း ဆောင်ရွက်လျက်ရှိသည်။ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ယာယီအပစ်အခတ်ရပ်စဲရန် သဘောတူထားသည့် လက်နက်ကိုင်အဖွဲ့အချို့သည် သဘောတူညီချက်များ ချိုးဖောက်လာသည်ကို တွေ့ရသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံ ဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကို ကြည့်၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပြီး ခုခံကာကွယ်သည်မှအပ ၎င်းတို့၏ စခန်းများကို တိုက်ခိုက်ခြင်းမပြုခဲ့ပေ။ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးကိုသာ မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ အနာဂတ် မြင့်မားတိုးတက်လာရေးအတွက် ပညာရေးကို မြှင့်တင်အားပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရပညာရေးကို အကောင်အထည်ဖော်လျက်ရှိပြီး KG+12 အထိ ကျောင်းသုံးလိုအပ်ချက်များကို ထောက်ပံ့ပေးလျက်ရှိသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့ရှိ ကျောင်းများ မဖွင့်လှစ်နိုင်သေးသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ မဖွင့်ရသေးသည့်ကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်ပြီးကျောင်းများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

**နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**

နိုင်ငံတော်၏ လက်ရှိရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့်အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး မဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်ရေးကို ဆောင်ရွက်လျက်ရှိသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးကို ယခုနှစ် အောက်တိုဘာလတွင် ပြုလုပ်သွားမည်ဖြစ်ရာ သန်းခေါင်စာရင်းများ အပြည့်အဝကောက်ယူနိုင်မှသာ မှန်ကန်သည့် မဲစာရင်းများရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲကို မှန်ကန်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ပေါ်ထွက်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲ၊ အနှောင့်အယှက်နှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့လျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းကို ကြည့်လျှင် လွတ်လပ်ရေးရပြီးသည့်ကာလမှစ၍ ယနေ့ထက်တိုင်အောင် ခယောင်းလမ်းကို ဖြတ်ကျော်နေရဆဲဖြစ်သည်။ အချိုးအဆစ် အကွေ့အကောက် အတက်အကျ အပြောင်းအလဲများနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့်၊ မျှော်မှန်းခဲ့သည့်ပန်းတိုင်နှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ ယနေ့နိုင်ငံတော်အစိုးရက ချမှတ်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်လမ်းစဉ်အတိုင်း ဆက်လက်ဖော်ဆောင်နေခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို နှမြောတသသည်ဆိုလျှင်၊ သတိရအောက်မေ့သည်ဆိုလျှင်၊ တန်ဖိုးထားလေးစားသည်ဆိုလျှင် လမ်းညွှန်ပြသပေးခဲ့သည့်အတိုင်း ယနေ့နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းပါဝင် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့ကို အဘက်ဘက်က ဝိုင်းဝန်းနှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ် ထိခိုက်ဆုံးရှုံးပျက်စီးကြသည်ကို စိတ်မကောင်းဖွယ် တွေ့ရမည်ဖြစ်သည်။

**အကြမ်းဖက်လုပ်ရပ်သက်သက်သာဖြစ်**

ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သလို ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ တိုက်ခိုက်၊ မီးရှို့ဖျက်ဆီးနေခြင်းများသည် တော်လှန်ရေးလုပ်နေခြင်း မဟုတ်ပေ။ တိုင်းပြည်နှင့် လူမျိုးကို ဖျက်ဆီးနေခြင်းသာဖြစ်သည်။ အကြမ်းဖက်လုပ်ရပ်သက်သက်သာ ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်ကြရသလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ၊ အရင်းအမြစ်များ ပျက်စီးဆုံးရှုံးရသည်။ တိုင်းပြည်စီးပွားတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အဟန့်အတားဖြစ်စေသည်။ ပြည်သူတို့၏ ဆန္ဒဖြစ်သည့်၊ နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးကို ခက်ခဲကြန့်ကြာနှောင့်နှေးမှုများ ဖြစ်စေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရသည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးရပင်ရငြားသော်လည်း လွတ်လပ်ရေးအသီးအပွင့်များကို ပြည်သူအားလုံး တန်းတူညီမျှအခွင့်အရေး မခံစားကြရသေးပေ။ တည်ငြိမ်အေးချမ်းသော ဒေသများရှိ ပြည်သူများအနေဖြင့် သာသာယာယာ နေထိုင်ကြရသော်လည်း မတည်ငြိမ်၊ မအေးချမ်းသောဒေသများရှိပြည်သူများမှာ အခွင့်အရေးများ ဆုံးရှုံးနေသည်။ အတိဒုက္ခများ ခံစားနေရသည်။ ဗိုလ်ချုပ်ပြောကြားသကဲ့သို့ တစ်တိုင်းပြည်လုံး ကြီးပွားစေချင်လျှင် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေလျှင် အကျိုးရှိမည်မဟုတ်ပါ။ တိုင်းပြည်အကျိုးအတွက် ဝိုင်းဝန်းလက်တွဲ စုပေါင်းအလုပ်လုပ်ကြမှသာ အကျိုးရှိမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့် တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခုကို မဖြစ်မနေလုပ်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ကြရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှု၊ တက်ကြွသည့်အားမာန်များဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။ တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် အောက်ကျနောက်ကျ အနိမ့်ခံ၊ အပယ်ခံ၊ အထင်သေးခံဘဝသို့မရောက်ဘဲ ဝင့်ထည်မော်ကြွားကာ ထည်ထည်ဝါဝါ၊ တစုတစည်းတည်း ရပ်တည်နေထိုင်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

## တောင်ငူမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

တောင်ငူ ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုစတင်ရာ တောင်ငူမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကျောင်းသား ကျောင်းသူများအား Women Club အဖွဲ့ဥက္ကဋ္ဌ (အမှတ်ပေးဒိုင်) ဒေါ်သီသီဝင်းက ပြိုင်ပွဲနှင့်ပတ်သက်သည့် အကြံပြုချက်များ ပြောကြားပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု (၁)နှင့် နှစ်သိမ့်ဆု (၂) ရရှိသည့် ကျောင်းသားကျောင်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုထွေး၊ ကျပန်းစကားပြောပြိုင်ပွဲအတွက် ဆုတံဆိပ်နှင့် ဆုချီးမြှင့်ငွေများ လှူဒါန်းပေးသည့် KBZMS လုပ်ငန်းမှ တောင်ငူရုံးခွဲတာဝန်ခံ ဦးကျော်နန္ဒ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးနှင့် အထက (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခိုင်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ဇော်ကိုကို (တောင်ငူ)

**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း**

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဗူး အမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ အသံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**



## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❑ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့်တုတ်နှင့် ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❑ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❑ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❑ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❑ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆) ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❑ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❑ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❑ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး (၆) ပေခြား၍ (၁) ကြိမ်လျှင် (၁၀) ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❑ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။

❑ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရန်။

❑ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

❑ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❑ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့်တုတ်နှင့် ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❑ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❑ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❑ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသောပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာစာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❑ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❑ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❑ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❑ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❑ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။

❑ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်းမပြုရန်။

❑ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

❑ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။

❑ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။

❑ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။

❑ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာစာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။

❑ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆) ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

❑ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။

❑ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

❑ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

❑ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။

❑ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရန်။

❑ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

# အာဇာနည်နေ့ မမေ့ဝန်တာ

❖ ဝါဆိုမိုးတွေက
စွေဆဲပ ယနေ့တိုင်။
မိမြန်ပြည် နယ်တစ်ဝှမ်းမှာလည်း
လွမ်းဆဲတူပြိုင်။
မမေ့တဲ့နိုင်
လဇူလိုင် တစ်ဆယ့်ကိုး။
နှစ်အလီလီ ဘယ်လိုညောင်းလို့
ခေတ်အလီလီ ဘယ်ပုံပြောင်းသော်လည်း
မဟောင်းနိုင် သစ်မြဲသစ်
ချစ်မြတ်ဆတိုး။
❖ လက်ရုံးရည် နှလုံးရည်နှင့်
စိတ်ဓာတ်ခိုင်ကျည် ထူးကဲလို့
သတ္တိဇွဲ မြဲသာလွန်။
နိုင်ငံနှင့် လူမျိုးအတွက်
အသက်ကိုပင် စဉ်မနှေး
ပေးဆပ် ကျေပွန်။
လွတ်လပ်စခန်းအလှဆီသို့
လမ်းပြတဲ့ ကြယ်တံခွန်
မိုးစွန်မှာ လင်းလက်ဆဲ။
လူသာသေသည်
နာမည်က ရှင်သန်မြဲပေမို့
သူ့ဇွဲ သူ့စိတ်ဓာတ်နှင့်
သူ့လုပ်ရပ် သူ့စကားတို့
သည်းကြားမှတ်စွဲ။
❖ အာဇာနည်နေ့ ရောက်လေတိုင်း
ဝိုင်းမျက်ရည် လည်ကာသာ။
ဦးညွှတ်ကာ အလေးပြု
ပေါင်းစုညီညာ။
အမှတ်ရ ရှုဖြင့်သာ
တစ်နှစ်စာ မကုန်လင့်။
"စွန့်လွှတ်မှု" "ပေးဆပ်မှု" ကို
စေ့ငုကာ စံနမူယူလို့
မြန်ပြည်သူ မြန်ပြည်အရေး
ပေးဆပ်ကြသင့်။
❖ သူ့ကိုချစ်ပါပြား
သူ့စကား နားထောင်ရာ။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးချစ်ကြပါ။
ဥပဒေကို လေးစား
စည်းကမ်းများ တို့လိုက်နာ
အကျင့်သိက္ခာ ကိုယ်စီထိန်း။
ဒီမိုကရေစီ စံနှုန်းနှင့်
အပြည့်မီဆုံး နိုင်ငံသစ်ရယ်လို့
တို့ခေတ်မှာ မော်ကွန်းထိုးရအောင်
ကြိုးစို့ခပ်သိမ်း။
❖ ဖခင်ဗိုလ်ချုပ် မျှော်မှန်းတဲ့
ဒီမိုကရေစီ ပန်းတိုင်ဆီ။
ယနေ့ခါ ညီညာလှမ်း
ကြိုးပမ်း ရမည်။
ဥမကွဲ သိုက်မပျက်
လက်ချင်းယှက် စိတ်ချင်းညီ
တို့ပြည်ရဲ့ အနာဂတ်လမ်း။
တည်ငြိမ်အေးချမ်း ဝပြောစည်လို့
များပြည်သူ ဘဝင်နှလုံး
ပြုံးရွှင်မြေချမ်း။ ။

ဇော်မင်းမင်းဦး

## (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက် အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## "အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း"

(၁) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကပါလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉-၇-၂၀၂၄ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန်ကြိုတင် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်

ကျိုက်ထို ဇူလိုင် ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို တောင်ပိုင်းရပ်ကွက်ရှိ အမက(၄)တောင်ပိုင်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်ခိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် စာပေလေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးပြောကြားပြီး အာဇာနည်နေ့အထိမ်းအမှတ် စွမ်းရည်ပြိုင်ပွဲများပြုလုပ်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးနံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)



၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပျဉ်းမနားမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁၃ ရက်က (၇၇ )နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၁၇

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မိုး/ဇလ

# PDF အမည်ခံ အကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဇူလိုင် ၁၇

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီးအပါအဝင် အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးပြီး ဆရာမတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက် ၅ နာရီ မိနစ် ၂၀ မှ ၆ နာရီ မိနစ် ၂၀ အထိ ပခုက္ကူမြို့အနောက်တောင်ဘက် မီတာ ၁၇၀၀၀ ခန့် အကွာတွင်ရှိသော အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ဦး အပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း သုံးဦး သေဆုံးခဲ့ပြီး ဆရာမတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းရှိနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် နေအိမ် ၃၆ လုံး မီးလောင်ပျက်စီးခဲ့ရကြောင်း သိရှိရပြီး ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဆရာမတစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဒေသခံပြည်သူလူထုမှ လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ။





PDF အမည်ခံအကြမ်းဖက်သမားများက ပခုက္ကူမြို့ အောင်သာကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် နေအိမ်များအား တွေ့မြင်ရစဉ်။

# မော်လမြိုင်ကျွန်းမြို့တွင် လူငယ်နှစ်ဦးကို စစ်မှုထမ်းဆောင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းတွင် ပါဝင်ပြီး လာရောက်သတင်းပို့ခြင်းမရှိသည့် လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၄ ရက်တွင် အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား




ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မော်လမြိုင်ကျွန်းမြို့တွင် စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါဝင်ပြီး လာရောက်သတင်းပို့ရန် ပျက်ကွက်သူများ မရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများတွင် ရေးသားဖော်ပြခဲ့သည့် အဆိုပါ လူငယ်နှစ်ဦးမှာလည်း ပြည်သူ့စစ်မှုထမ်း အမည်စာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် လူမှုကွန်ရက်တွင် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မင်းလှမြို့နယ် ဆားချောင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆားချောင်းကျေးရွာနှင့် စမ်းဘုတ်ကျေးရွာ ကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆားချောင်းကျေးရွာကို ဝင်ရောက်မီးရှို့ခဲ့ကြောင်း၊ အဆိုပါမီးရှို့မှုကြောင့် နေအိမ် ၃၀ ခန့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ မင်းလှမြို့နယ်အတွင်း အကြမ်းဖက်သမားများ ခိုအောင်းလှုပ်ရှားမှု မရှိစေရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်တွင် မင်းလှမြို့နယ် ဆားချောင်းကျေးရွာ၏ အနောက်ဘက်သို့ ရောက်ရှိစဉ်တွင် PDF အမည်ခံ အကြမ်းဖက်သမား များက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် ဆုတ်ခွာ ထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို လိုက်လံရှင်းလင်းခဲ့ရာ ဆားချောင်းကျေးရွာ၏အရှေ့ဘက် မီတာ ၃၀၀ ခန့်တွင် အကြမ်းဖက်သမားများ ခိုအောင်း နေထိုင်ခဲ့သည့် တောင်ယာတဲတစ်လုံးအား တွေ့ရှိခဲ့ပြီး ယင်းတောင်ယာတဲအတွင်းမှ လက်လုပ်၁၂ဗို့သေနတ်တစ်လက်၊ ၅ ဒသမ ၅၆ ကျည် ငါးတောင့်နှင့် ဆက်စပ်ပစ္စည်း အချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံ၍ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆားချောင်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့ခြင်း မရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

## အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "စိုင်းမင်းနောင် သဒ္ဒါထက်ဖြိုးမောင်မောင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျီကုန်းကျေးရွာနေ ရာဇာထွန်း(ခ)ကိုထက်အား မွန်းလွဲ ၃ နာရီခွဲတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမပေါ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇူလိုင် ၁၇

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်မှုကို လိုလားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူသွားလာနေထိုင်အသုံးပြုလျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်။

ယခုတွင်လည်း KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက်ပိုင်းတွင် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာမြောက်ဘက် မီတာ ၁၀၀ ခန့်အကွာရှိ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်၊ ၁၃၆/၂ နှင့် ၁၃၆/၃ ကြားတွင်ရှိသည့် အရှည် ၁၀ ပေ၊ အကျယ် ပေ ၄၀ ၊ ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစားတံတားအမှတ် (၁/၁၃၇) ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတား၏ မြောက်ဘက်ကမ်းကပ်ခုံမှာ ၁၀၀ ရာခိုင်နှုန်း ပြိုကျပျက်စီးခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ခရီးသွားပြည်သူများ သွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှု ဖြစ်စေပြီး ဒေသအတွင်း တည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးနှင့်မသက်ဆိုင်သော အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime)ကို ကျူးလွန်ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ လမ်း/တံတား ဦးစီးဌာနမှ တာဝန်ရှိသူများက ယာယီတံတားအား အမြန်ဆုံးဆောင်ရွက်ပေးခဲ့ရာ မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ပျက်စီးသွားသည့် တံတားအား အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်ပြပုံ။


KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့တို့မှ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် တံတားအားတွေ့မြင်ရစဉ်။


မွန်ပြည်နယ် သထုံမြို့နယ် ကရင်လေးဆိပ်ကျေးရွာအနီးရှိ တံတားအား မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေး ယာယီတံတား ဆောင်ရွက်ပေးထားမှုအား တွေ့မြင်ရစဉ်။

# ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်း ဘူတာအကြား ရထားလမ်းပေါ်တွင် မိုင်းဖောက်ခွဲထားမှုကြောင့် လူစီးရထားလမ်းချော်ကျမှုဖြစ်ပွားပြီး ရထားများကြန့်ကြာမှုဖြစ်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ မော်လမြိုင်မှထွက်ခွာလာသည့် အမှတ်(၈၂)အစုန် မော်လမြိုင်- ရန်ကုန် လူစီးအမြန်ရထားသည် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၃/၁၇-၁၅ သို့ နံနက် ၁၁ နာရီ ၁၀ မိနစ်အချိန် ရထားရောက်ရှိဖြတ်သန်းစဉ် အဆိုပါနေရာ၌ ရထားလမ်း မိုင်းပေါက်ကွဲထားခြင်းကြောင့် သံလမ်းတစ်ပေခွဲခန့် ပြတ်တောက်နေသဖြင့် စက်ခေါင်းနှင့်အတူ ရထားတွဲဆိုင်းတွင် ပါရှိသော လူစီးတွဲနှစ်တွဲ လမ်းချော်ကျမှု ဖြစ်ပွားခဲ့သည်။ ရထားလမ်းချော်ကျမှုကြောင့် ခရီးသည်နှင့် ဝန်ထမ်း ထိခိုက်မှုမရှိဘဲ သိမ်ဆိပ်-ဒုံဝန်း လမ်းပိုင်းအား နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် ယာယီပိတ်ထားခဲ့ရသည်။

လမ်းပိုင်း ပိတ်ဆို့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ် (၈၁)အဆန် လူစီးရထားသည် နံနက် ၁၁ နာရီ ၄၄ မိနစ် အချိန်တွင် ကျိုက်ထိုသို့ ရောက်ရှိနေပြီး အဆိုပါရထားတွင် ရိုးရိုးတန်းခရီးသည်၄၆၀နှင့် အထက်တန်း ခရီးသည် ၂၃၅ ဦး စုစုပေါင်း ၆၉၅ ဦး ပါရှိကြောင်း သိရသည်။

လမ်းချော်ကျသည့် မော်လမြိုင်မှထွက်ခွာလာသော အမှတ်(၈၂) အစုန် လူစီးအမြန်ရထားပေါ်တွင် လိုက်ပါလာသည့် ရိုးရိုးတန်းခရီးသည် ၃၁၃ ဦးနှင့် အထက်တန်းခရီးသည် ၁၄၆ ဦး စုစုပေါင်း ၄၅၉ ဦး အား ဆက်လက်ထွက်ခွာနိုင်ရေး အတွက် ကျိုက်ထိုတွင် ရောက်ရှိနေသော အမှတ်(၈၁)အဆန် လူစီး အမြန်ရထားသည် ရထားလမ်း ချော်ကျသည့် နေရာသို့ ရောက်ရှိပြီး ညနေ ၄ နာရီခွဲတွင် ခရီးသည်များအား ရထားကူးပြောင်းပြီးစီး၍ ညနေ ၅ နာရီခွဲတွင် အမှတ်(၈၂) အစုန် လူစီးအမြန်ရထားအဖြစ် ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးနိုင်ခဲ့သည်။

အမှတ်(၈၁)အဆန်လူစီးအမြန်ရထားမှ ခရီးသည်များ ဆက်လက်ထွက်ခွာနိုင်ရေးအတွက် လမ်းချော်ကျသော အမှတ်(၈၂) အစုန်တွဲဆိုင်း၏ လမ်းချော်မကျသော တွဲများဖြင့် ခရီးသည်များအား ကူးပြောင်းပြီး ညနေ ၅ နာရီ ၁၅ မိနစ်တွင် သထုံဘူတာဘက်သို့ဆက်လက်ထွက်ခွာပေးနိုင်ခဲ့သည်။ အဆိုပါခရီးသည်များ အဆင်ပြေစွာဆက်လက်ပို့ဆောင် ပေးနိုင်ရေးအတွက် မော်လမြိုင်တွင်ရှိသော စက်ခေါင်းနှင့် အရန်တွဲဆိုင်းဖြင့် သထုံဘူတာမှ စောင့်ကြိုပြီး အမှတ်(၈၁)အဆန် ရထားအဖြစ် မော်လမြိုင်သို့ ဆက်လက် ပို့ဆောင်ပေးခဲ့သည်။

မိုင်းဖောက်ခွဲ ဖျက်ဆီးခံရမှုကြောင့် ရထားလမ်းချော်ကျမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့် တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော ရထားစက်ခေါင်းနှင့် လူစီးတွဲနှစ်တွဲအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဖုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း ၂၀၆ ကြိမ်၊ ရထားတံတား/ သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း ၁၆၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၄၂ ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံ အဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့်တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှုမရှိစေရေး ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား အမှတ်(၈၂)အစုန် လူစီးအမြန်ရထား လမ်းချော်ကျမှုအခြေအနေ။


ပဲခူး-မော်လမြိုင်လမ်းပိုင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား ရထားလမ်းချော်ကျသည့် အမှတ်(၈၂)အစုန် ရထားပေါ်မှ ခရီးသည်များ ရထားကူးပြောင်းနေစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၇-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ် ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၆-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၇-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၆၇)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၃)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၇-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၈၇)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၇-၇-၂၀၂၄)ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှော ရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၇၉၂)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ပန်းဆိုးတန်း-ဒလ ဆိပ်ကမ်းတို့၌ ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် ဇူလိုင် ၁၇

မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

ဟောပြောပွဲတွင် မင်္ဂလာဒုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ လေဆိပ်ကျန်းမာရေးဌာန၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီနှင့် ရန်ကုန်အေရိုဒရုန်း ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက လတ်တလော ဖြစ်ပွားလျက်ရှိသော ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး စီမံချက်အရရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်တွင်းခရီးစဉ် ဆိုက်ရောက်/ ထွက်ခွာ ဆောင်၌ နံရံကပ်ပိုစတာကပ်ခြင်း၊ ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးကြော်ငြာခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ ပန်းဆိုးတန်း-ဒလ ဆိပ်ကမ်းတွင် ကူးတို့လမ်းပြေးဆွဲနေသော ချယ်ရီ-၃ ရေယာဉ်ပေါ်၌လည်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများက ပန်းဆိုးတန်း-ဒလဆိပ်ကမ်းနှင့် ချယ်ရီ-၃ ရေယာဉ်ပေါ်၌ နံရံကပ်ပိုစတာများ ကပ်ခြင်း၊ ခရီးသွားပြည်သူများအား လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အသိပေးကြော်ငြာခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မြောင်းမြ၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

မြောင်းမြ ဇူလိုင် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ ခရိုင်အတွင်း ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ မြို့နယ်အလိုက်အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက မြောင်းမြမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ထို့နောက် မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ မြို့နယ်အလိုက်အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**






# မုဒုံမြို့၌ မူးခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

မုဒုံ ဇူလိုင် ၁၇

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မူးခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အထက (ညောင်ကုန်း)ခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ် နီနီအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအမျိုးအစားများနှင့် သုံးစွဲခြင်းဖြင့် ရရှိမည့်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးဥပဒေအကြောင်းအရာများကို ပြောကြားသည်။ ထို့နောက် မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းထွဋ်အောင်က သတင်းအတု၊ သတင်းအမှား အကြောင်းနှင့် မူးခင်းကျဆင်းရေးအကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့စိတ်(မုဒုံ)က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၇-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၃၅၇။ | အဖေ ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်)ကွယ်လွန်ခြင်း (၅)နှစ်ပြည့် ရည်စူးဒါနနှင့် အမေ ဒေါ်ထွေးလေးအား အမှူးထားလျက် ဒေါက်တာအောင်ဇေယျ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၃၅၈။ | ကွယ်လွန်သူဦးတင်မောင်လတ်နှင့် ဒေါ်စုစုလတ်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၃၅၉။ | ရှမ်းပြည်နယ်တောင်ပိုင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အငြိမ်းစားဝန်ထမ်းများကောင်းမှု | ၅၀၀၀၀၀ |
| ၉၃၆၀။ | ကွယ်လွန်သူ ဦးအုံးရှိန်နှင့်ဇနီး ဒေါ်အုန်းကြည်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၃၆၁။ | ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးမှ အရာထမ်းများကောင်းမှု | ၃၅၀၀၀၀ |
| ၉၃၆၂။ | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စွမ်းဆောင်ရည်မြှင့်တင်သင်တန်းနှင့်စီမံကိန်းမှ သင်တန်းသားများကောင်းမှု | ၃၀၀၀၀၀ |
| ၉၃၆၃။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးခင်မောင်ဝင်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၃၆၄။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းဌာနမှဝန်ထမ်းများကောင်းမှု | ၂၂၀၀၀၀ |
| ၉၃၆၅။ | ဖျာပုံမြို့နယ်၊ တင်ပုလွဲကျေးရွာဆရာတော်ဦးဆောင်သည့် ဓမ္မစကူးလ် ဆရာ/ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများကောင်းမှု | ၁၈၅၀၀၀ |
| ၉၃၆၆။ | ကွယ်လွန်သူ အဘိုးအဘွား၊ မိဘများအားရည်စူး၍ ဦးစိုးမြင့်နှင့် ဒေါ်မြတ်သန္တာစိုး၊ (သမီး)သင်းလွင်စိုး၊ ဦးအောင်ကိုကိုထိုက်နှင့်ဇနီး ဒေါ်နှင်းလွင်စိုး၊ (သား)မောင်ကျော်ဗိုလ်ဗိုလ်ခန့်၊ မောင်အောင်ဗိုလ်ဗိုလ်ခန့်၊ မောင်ညီဗိုလ်ဗိုလ်ခန့်၊ ဦးခင်ကျော်နှင့် ဒေါ်ဝတ်ရည်စိုး မိသားစုတစ်စုကောင်းမှု | ၁၁၀၀၀၀ |
| ၉၃၆၇။ | ဦးတင်အေးနှင့်ဇနီး ဒေါ်ဝင်း၊ သား/သမီး/မြေး/မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၃၆၈။ | ဆရာတော်ဦးပညာသိဒ္ဓိကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၆၉။ | ဗိုလ်မှူးကြီးအုံးကျော်နှင့်ဇနီး ဒေါ်ဝင်းစန္ဒာကျော်၊ (သမီး)မအေးချမ်းဆုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၀။ | ဦးအောင်စိုးဦးနှင့်ဇနီး ဒေါ်ဇာခြည်ဖြိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၁။ | မိခင်ကြီး ဒေါ်ခေမာဝတီ၏ (၉၁)နှစ်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၂။ | ဒေါ်တင်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၃။ | ဒေါ်ခင်လှ၊ မယမုံဦး၊ မနှင်းအေးဝေ၊ မစိုးရတနာ၊ မောင်ထက်အောင်ရှိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၄။ | ကိုမျိုးမင်းထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၅။ | ဦးကျော်လေးနှင့်ဇနီး ဒေါ်တင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၆။ | မဆုသျှားလှဲ့ဇော်ကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၇။ | ဦးဆလိုင်းစိန်မြနှင့်ဇနီး ဒေါ်နော်အေးအေးသွင်၊ (သမီး)မဆူးဆူးညား၊ မချို့ငြိမ်းချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၈။ | ဦးစံမျိုးနှင့်ဇနီး ဒေါ်ခင်စန်းဝင်း၊ (သမီး)ကိုဌေးလင်းထက် နှင့်ဇနီး မမျိုးစန္ဒီခင်၊ မမျိုးသီရိခင်၊ မမျိုးပြည့်လျှံခင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၃၇၉။ | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သားသတ်ဌာနခွဲမှဝန်ထမ်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၃၈၀။ | ဖာပိန်ကျောင်းဆရာတော် ဦးနန္ဒဝံသကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၁။ | ဦးကျော်ထန်နှင့်ဇနီး ဒေါ်ခိုင်ခိုင်ထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၂။ | ကွယ်လွန်သူ ဦးတင်အောင်နှင့် ဒေါ်ကျန်စိန်တို့အား ရည်စူး၍ ဦးဌေးအောင်နှင့်ဇနီး ဒေါ်ဌေးဌေးလွင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၃။ | ကွယ်လွန်သူ ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ဖလားဝါးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၄။ | အဘိုးဦးဘမောင်နှင့် ဒေါ်ခင်ကြည်၊ ဦးအုန်းမြင့်ကျော်နှင့်ဇနီး ဒေါ်သီတာအေး မိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၃၈၅။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်ထွေးလှမိသားစုကောင်းမှု | ၅၃၀၀၀ |
| ၉၃၈၆။ | ကွယ်လွန်သူ ဦးမောင်မောင်ကြည်နှင့် ဒေါ်အေးအေးမာ တို့အားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးမင်းနိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၇။ | ဦးစောမြအောင်နှင့်ဇနီး ဒေါ်ခင်လေးမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၈။ | ဖေဖေဦးဆန်းလွင်နှင့်ဇနီး မေမေဒေါ်ရီရီလှ၊ (သား)ဗိုလ်မှူးဝင်းထွဋ်အောင်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၃၈၉။ | ဦးအေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၀။ | ကိုချစ်ပေါက်၊ ကိုဖိုးချစ်၊ မဘုတ်ဆုံမ၊ မဘေဘီနှင့် မိဖြူတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၁။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်အေးကြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၂။ | ဦးနော်လေးနှင့်ဇနီး ဒေါ်စံရတီထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၃။ | ဦးတင်အောင်မိုးနှင့်ဇနီး ဒေါ်စန်းစန်းဝင်း၊ (သား)မောင်ကောင်းထက်သာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၄။ | ကွယ်လွန်သူ ဦးမောင်တိုးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၅။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်သိန်းဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၆။ | ဦးမောင်မောင်ရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၇။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်သန္တာဇံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၈။ | ဦးအုန်းလွင်နှင့်ဇနီး ဒေါ်မာလာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၉၉။ | ကွယ်လွန်သူ ဦးစိုးမင်းသိန်းအားရည်စူး၍ ဒေါ်သီတာအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၀၀။ | ကိုဇင်မျိုးထွန်းနှင့်ဇနီး မလှဲ့လှဲ့ဖြိုးလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၀၁။ | ဒေါ်ခင်ကလျာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၀၂။ | ကွယ်လွန်သူ ဦးကျော်ရှိန်အားရည်စူး၍ ဒေါ်မြင့်မြင့်သန်းအား အမှူးထားကာ ဦးအောင်မိုးကျော်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၄၀၃။ | ဒေါ်ကြည်လှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၀၄။ | ဒေါ်နန်းခမ်းလာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၀၅။ | ဦးဟေမောင်လေးနှင့်ဇနီး ဒေါ်ခင်ရီမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၃၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဇေယျာသီရိမြို့၊ ပုပ္ပါးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/ပုပ္ပါးကုန်းရပ်)၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(ယ-၂၈၆)၊ ဦးဝင်းနိုင်စိုး အဖအမည် ဦးခင်မောင်မြင့်[၉/တကန(နိုင်)၀၅၂၁၀၁] အမည်ပေါက် ပါမစ်မြေကွက်ကို ဦးမင်းမော် အဖအမည် ဦးခင်မောင်ရည်[၉/မဟမ(နိုင်)၀၀၁၈၈၃]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လွှဲပြောင်းထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လွှဲပြောင်းထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**အမှားပြင်ဆင်ချက်**

(၂၅-၆-၂၀၂၄) ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၄)၊ ကော်လံ (၁)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သင်းသင်းမော်၏ အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် အမည်ပေါက်ပိုင်ရှင် ရောင်းသူ ဒေါ်ခင်မာသူ [၁၂/လမန(နိုင်)၀၄၄၀၃၉]အစား ဒေါ်ခင်မာယူ [၁၂/လမန(နိုင်)၀၄၄၀၃၉]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**အမည်မှန်**

မော်လမြိုင်မြို့၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း Grade-9 A တွင်ပညာသင်ကြားနေသော မအေးသီတာ [၁၀/မလမ(နိုင်)၃၂၂၁၀၈]၏ အမည်မှန်မှာ မမိုးသန္တာစိုး အမှန်ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မော်လမြိုင်မြို့၊ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း Grade-9 Aတွင်ပညာသင်ကြားနေသော မမိုးသန္တာစိုး၏ဖခင်အမည်မှန်မှာ ဦးဝင်းမြင့် [၁၀/မလမ(နိုင်)၁၄၂၀၄၆] အမှန်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃)၊ လူနေရပ်ကွက်အမှတ်-(ကံ့ကော်ရိပ်သာ-၁)၊ မြေကွက်အမှတ်-(၅၈)၊ အကျယ်အဝန်း (၁၀၀၀၀)စတုရန်းပေ၊ ဧရိယာ(၀.၂၂၉)ဧကရှိ ပါမစ်မြေကွက်အား မြေအမည်ပေါက်သူ ဇေကမ္ဘာကုမ္ပဏီလီမိတက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးလွင်ကွယ်လွန်၍ ၎င်း၏တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ရင်ဌေး [၁၀/မလမ(နိုင်)၁၁၀၅၉၆]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာနွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၇)**
**အမှတ်(၅၂/က)၊ အင်ကြင်းလမ်း၊ (၂၂)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၈၀၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ (၉/၃)ရပ်ကွက်၊ ရတနာသိင်္ဂီပတ်လမ်း၊ မြေကွက်အမှတ်(၅၁၁-က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ကြင်လှ (ISN-၄၄၂၉၂၆)အမည်ဖြင့် မှတ်သားတည်ရှိ၍အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြူစန်း [၆/လလန(နိုင်)၀၁၇၆၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ ၆/၉ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၈၄၆၆၉၅၄**

## အမည်မှန်

မိုးကောင်းမြို့၊ "ပိုင်" ကိုယ်ပိုင်အထက် တန်းကျောင်း၊ Grade-12 (ဘောဂတွဲ) စနစ်သစ်မှ မ-S အက်စတာဂျာတောင် ၏အမည်မှန်မှာ မ-S အက်စ်တာဂျာတောင် ဖြစ်ပါသည်။

## အမည်မှန်

ပူတာအိုမြို့နယ်၊ အောက်ဆန်ဂေါင် ရွာနေ ဦးဖုန်ဘူရ်ဖုန် [၁/ပတအ(နိုင်) ၀၀၀၄၀၆] နှင့် ဒေါ်နင်တန် [၁/ပတအ(နိုင်) ၀၃၀၅၆၉] တို့၏သား အထက(ဆန်ဂေါင်)ကျောင်း၊ Grade-6 မှ မောင်ဖေလတ်အောင် ၏ အမည်မှန်မှာ မောင်ဖုန်ဘူရ်ဖေလတ်အောင် ဖြစ်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် 315 kVA Transformer နှင့်ဆက်စပ် လုပ်ငန်းများအတွက် ဆောင်ရွက်လိုသူ တရားဝင်အသိအမှတ်ပြု လိုင်စင်ရကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းများနှင့် လုပ်ငန်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်နှင့်အချိန် | - | ၁၈-၇-၂၀၂၄(ကြာသပတေးနေ့) နံနက်(၁၀:၀၀)နာရီ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၃၁-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ(၄:၀၀)နာရီ |

**တင်ဒါကော်မတီ**
**မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး**
**ဖုန်း-၀၉-၂၅၃၄၅၀၉၄၀၊ ၀၁-၉၆၉၉၅၂၂**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ် (၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ်- ၁/ဃ (ခ)၊ ဧရိယာ (၀.၀၅၅)ဧက ရှိသည့် ၃ (ခ) ဝန်ခံချက်လက်မှတ်ရရှိပြီးသော မြေကွက်နှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာကျော် [၁၂/ကတန(နိုင်)၀၀၇၀၁၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူထားပြီး ဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးချမ်းမြေ့လင်း(LL.B)** | **ဦးဝင်းဆွေ(LL.B, D.B.L)** |
| **(စဉ်-၁၃၀၉၄)** | **(စဉ်-၁၄၆၁၂)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-420103373**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၉)၊ မြေကွက်အမှတ်(၃၈၅) ဟုခေါ်တွင်သော မြေအကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဦးစိန်သောင်း အမည်ဖြင့်တည်ရှိသည့် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီအောင် [၁၂/ဒဂရ(နိုင်)၀၀၇၁၅၄]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နွေဦးမွန်[၁၄/ရကန(နိုင်)၁၁၇၃၉၃]သည် အပြီးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၁၆-၇-၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုးချစ် (LL.B)** | **ဒေါ်သက်ဝေအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)** |

**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph; 09-778849700, 09-773562082**

## တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ငွေပျော်ကောင်း၊ အမှတ်(၁၀၄)နေ မောင်ဆိုင်းထွယ်နော် [၁/မကန(နိုင်) ၁၆၄၄၈၈]၏ မိဘများဖြစ်သည့် ဦးဆင်နင်ဆိုင်းလုံ (ခ) ဦးဆိုင်းလွန် [၁/မကန(နိုင်)၀၉၆၇၂၀] သည် တစ်ဦးတည်းဖြစ်ပြီး ဒေါ်မရစ်လု (ခ) ဒေါ်ဘောက်တောင် [၁/မကန(နိုင်)၀၉၉၃၂၃] သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၈)လမ်း၊ အမှတ်(၁၁၄/၁၁၆)၊ မြေညီအခန်း(စီ)၊ ၁၅'x၃၉'ရှိ အခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော မီတာ(၁)လုံး၊ မော်တာ(၁)လုံး အပါအဝင်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ ဒေါ်ခင်သူဇာမြင့်(ခ) နန်းစံ [၁၂/လသန(နိုင်)၀၁၄၆၃၉]ထံမှ ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူသည့်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်မြတ်စိုး(စဉ်-၇၄၆၇)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၇၈၂၁၆၁၅၉၃၊ ၀၉-၅၄၁၇၀၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၆-လမ်း၊ တိုက်အမှတ် (၄၅)၊ (၂)ခန်းတွဲ(၈)ထပ်တိုက်၏ ပထမထပ်(ဒုတိယအလွှာ)ဝဲဘက် အခန်း၊ အကျယ်အဝန်း (၁၅x၄၀)ပေခန့်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆာရီရန်ဂမ္မာ [၁၂/မဂတ(နိုင်)၀၇၆၆၉၉]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးမာမက်ဟူစိန်နှင့်ဒေါ်စန္ဒာမြင့်တို့က စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)**
**အမှတ်(၂၂၆/ဒုတိယထပ်)၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၃၄၉)၊ ဧရိယာအကျယ်အဝန်း (၀.၀၆၁)ဧက (အလျား ၄၄ပေx အနံ၆၀ပေ) ရှိ ဒေါ်အေးအေးကျော် [၁၂/ဗဟန(နိုင်)၀၉၄၂၀၃]အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမျိုးအစား ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းတပ်လမ်း၊ ၉/ရပ်ကွက်၊ အမှတ် (၃၄၉)၊ အကျယ်အဝန်း (၄၄ပေx၆၀ပေ) မြေနှင့် ယင်းမြေပေါ်ရှိ သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးကျော်က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုင်းကျော်ဝေ [၁၃/တကန(နိုင်)၂၀၃၇၉၆] က အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်၏ ရောင်းဖိုးငွေများ အကျေပေးချေကာ အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသီတာမင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၇၃)**
**ဖုန်း-၀၉-၇၉၅၉၆၉၅၁၃၊ ၀၉-၄၄၃၁၁၅၆၆၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၉)၊ မြေကွက်အမှတ်(၃၈၆) ဟုခေါ်တွင်သော မြေအကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိ မြေကွက်နှင့်စပ်လျဉ်း၍ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ ဦးမောင်ကြီး အမည်ဖြင့်တည်ရှိသည့် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးညီညီအောင် [၁၂/ဒဂရ(နိုင်)၀၀၇၁၅၄] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူ ဒေါ်နွေဦးမွန်[၁၄/ရကန(နိုင်)၁၁၇၃၉၃] သည် အပြီးအပိုင် လက်ရောက် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၁၆-၇-၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုးချစ် (LL.B)** | **ဒေါ်သက်ဝေအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)** |

**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph; 09-778849700, 09-773562082**

## အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ မြို့မ (၁၆)လမ်း၊ ရှုခင်းသာလမ်းမကြီး၊ အမှတ် (၂၃/ခ)နေ မောင်ပြည့်သိမ်း (၁၂/ဒဂန (နိုင်) ၀၂၆၈၃၄) ကိုင်ဆောင်သူသည် ဖခင်ကြီးအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းအပြင် မောင်ပြည့်သိမ်းနှင့် ဇနီးဖြစ်သူ မအေးအေးသန်း (ခ) အဘူ (၃/ကကရ (နိုင်) ၀၃၉၆၆၄) တို့နှင့်ပတ်သက်သော ငွေကြေးကိစ္စအပါအဝင် မည်သည့်ကိစ္စကိုမျှ ဖခင်နှင့် မိသားစုဝင်များက လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဦးလှထွန်း (ဖခင်) (လွှဲအပ်ညွှန်ကြားသူ) | လွှဲအပ်ညွှန်ကြားချက်အရ - | ဒေါ်ချိုချိုဝင်း LL.B, D.B.L<br>တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၉၁၂) |

အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၂၇၈)၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-(၂၇၈)၊ သီရိသုမ္မောရာဇာလမ်း၊ ၁၄/ ရွှေပေါက်ကံ၊ ဦးစံချစ် [၁၂/ဥကမ (နိုင်) ၁၃၇၉၉၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်ထံမှ GPNo.၈၈၈၇/ ၂၅-၉- ၂၀၁၇ဖြင့်ရရှိသူ ဦးအောင်နိုင်မင်း [၁၁/သတန (နိုင်) ၀၁၀၇၂၄]မှ အရောင်းမြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ (၂၀၀၅)ခုနှစ် ဘဏ်ချေးမြေပုံမူရင်းမှာ မည်သည့်ဘဏ်တွင်မှ အာမခံအဖြစ်ထားရှိကာ ဘဏ်ငွေချေးယူခဲ့ခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ (၂၀၀၆)ခုနှစ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်းမှာ အသုံးပြုရခြင်းလုံးဝမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းမှာလည်း မိမိလက်ဝယ်တွင် ရှိပါကြောင်း၊ အထက်ပါမြေကွက်အား အခြားမည်သူတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်း ထားခြင်း မရှိပါကြောင်း၊ အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည် ဖြစ်ပါကြောင်း၊ အမည်ပေါက် ဦးစံချစ်ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်- ၇၂၆/၂၀၂၃(၁၇- ၁၀-၂၀၂၃)၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ်- (၅၃/A) နေ ဦးအောင်မျိုးဝင်း [၁၀/ဘလန(နိုင်) ၀၇၃၅၀၀] နှင့် ခေတ္တ-ဂျပန်နိုင်ငံနေ ဒေါ်ခန့်ခန့်ဆင့် [၁၂/စခန(နိုင်)၀၆၄၄၂၆] တို့သည် မြန်မာ/ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၁၀-၄-၂၀၁၂) ရက်နေ့မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ထို့နောက် ဦးအောင်မျိုးဝင်း နှင့် ဒေါ်ခန့်ခန့်ဆင့်တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သည့်အပြင် ဆက်လက် ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၂၃-၆-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို အသိသက်သေများရှေ့မှောက်တွင် လွတ်လပ်သောသဘောဆန္ဒအရ လက်မှတ်ရေးထိုးချုပ်ဆိုကြ၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီတရားဝင် ကွာရှင်းပြတ်စဲခဲ့ကြပါသည်။

သို့ဖြစ်၍ ဦးအောင်မျိုးဝင်းနှင့် ဒေါ်ခန့်ခန့်ဆင့်တို့သည် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မျိုးဝင်း[၁၀/ဘလန(နိုင်)၀၇၃၅၀၀]နှင့် ဒေါ်ခန့်ခန့်ဆင့် [၁၂/စခန(နိုင်)၀၆၄၄၂၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးချစ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)**

| | |
|---|---|
| **ဒေါ်သက်ဝေအောင် (LL.B)** | **ဦးမိုးမြင့် (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၄)** |

**Ph: 09-778849700, 09-773562082, 09-9710711242**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

